ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး**

(၁၅)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက်**

**( ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက် )**

**[ တနင်္လာနေ့ ]**

**အချိန်၊ ၁၀:၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀:၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀:၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၁၅)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀:၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ် ဦးရေ စုစုပေါင်း(၂၁၆)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၆၁)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၇၄.၅၄)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင် ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း**

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန် အစည်းအဝေးရဲ့ (၁၅)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ**
**ခွင့်ပန်ကြားခြင်း**

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ဖတ်ကြား တင်ပြပါမယ်။

ဦးဂမ်ဆိုင်း၊ ကချင်(၂)၊ ကိုယ်ရေးကိုယ်တာ။ ဦးစခုန်တိန့်ယိန်း၊ ကချင်(၄)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစိုင်းမြမောင်၊ ကချင်(၁၀)၊ ကိုယ်ရေးကိုယ်တာ။ ဦးဖုန်းမြင့်အောင်၊ ရန်ကုန်(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောအေးမြိုင်၊ ကရင်(၈)၊ သားဖြစ်သူ မင်္ဂလာကိစ္စ။ ဦးကျားမောင်၊ တနင်္သာရီ(၈)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဒေါက်တာခင်မောင်လေး၊ ပဲခူး(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးသိန်းလှိုင်၊ စစ်ကိုင်း(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဝီလ်ဆင်မိုး၊ ရှမ်း(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဆိုင်ပေါင်းနပ်၊ ရှမ်း (၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးထွန်းလွင်၊ ကချင်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစံထွန်း၊ ကချင်(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုးဟန်လင်း၊ ဧရာဝတီ(၁)၊ ဆေးစစ်။ ဒေါက်တာဌေးဝင်း၊ ဧရာဝတီ (၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောသန်းထွန်း၊ ကရင်(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးနိုင်ထွန်းအုံ၊ မွန် (၅)၊ ကျန်းမာရေး။ ဦးသက်လင်း၊ ဧရာဝတီ(၈)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစိုင်းစံမင်း၊ ရှမ်း(၃)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးစတီဗင်သာဘိတ်၊ ချင်း(၄)၊ ကျန်းမာရေး။ ဦးခမ်ဆွင်းမုန်၊ ချင်း(၅)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးကြည်ထွန်း၊ မကွေး(၁)၊ ကျန်းမာရေး။ ဦးထွန်းကျော်၊ ရှမ်း(၁၀)၊ ငြိမ်းချမ်းရေးဖော် ဆောင်ရေး။ ဦးဖိုးဇော်၊ ပဲခူး(၂)၊ နာရေးကိစ္စ။ ဦးဟာရှိန်းဘွေ၊ ချင်း(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဇော်နိုင်ဦး၊ မွန်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဉာဏ်လင်း၊ ရှမ်း(၁)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစောသောင်းဖေ၊ မွန်(၈)၊ မြေးဖြစ်သူ၏ မင်္ဂလာကိစ္စ။ ဦးဝင်းနိုင်ရှိန်၊ ပဲခူး(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောမြဝင်း၊ ကရင်(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်ချိုဦး၊ ပဲခူး(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမင်းဦး၊ ပဲခူး(၇)၊ ကျန်းမာရေး။ ဦးစောငြိမ်းသင်၊ ကရင်(၃)၊ ဆေးကုသ။ ဦးတင်မောင်မြင့်၊ တနင်္သာရီ

(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးလှစိုး၊ တနင်္သာရီ(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုးသက်၊ တနင်္သာရီ(၁)၊ ကျန်းမာရေး။ ဦးအောင်ဝင်း၊ တနင်္သာရီ(၄)၊ ကျန်းမာရေး။ ဦးစောထွန်းမြအောင်၊ ကရင်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်သန်း၊ မကွေး(၁၀)၊ ကျန်းမာရေး။ ဦးမြတ်ကို၊ စစ်ကိုင်း(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးညွန့်တင်၊ ရန်ကုန်(၂)၊ ကျန်းမာရေး။ ဒုတိယဗိုလ်မှူးကြီးစိုးလင်း၊ တပ်မတော်၊ နိုင်ငံတော်အခမ်းအနားတက်ရန်။ ဗိုလ်မှူးမြင့်စိန်၊ တပ်မတော်၊ နိုင်ငံတော် အခမ်းအနားတက်ရန်။ ဒုတိယဗိုလ်မှူးကြီးကျော်ဇံဦး၊ တပ်မတော်၊ နိုင်ငံတော်အခမ်းအနားတက်ရန်။ ဦးမြညိမ်း၊ ရန်ကုန်(၇)၊ ပြည်ပခရီးစဉ်။ ဦးဝင်းနောင်၊ ရန်ကုန်(၅)၊ နိုင်ငံတော် အခမ်းအနားတက်ရန်။ ဦးဖေသောင်း၊ ကချင်(၆)၊ ဒေသဖွံ့ဖြိုးရေး။ ဦးနေဝင်းထွန်း၊ ရှမ်း(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်ထွန်း၊ မကွေး(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးတင်ဝင်း၊ မကွေး(၈)၊ ဒေသဖွံ့ဖြိုးရေး။ ဦးထွန်းဇော်(ခ)ကိုပေါက်၊ ပဲခူး(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးခင်မောင်(ခ)ဦးအောင်ကျော်ဦး၊ ရခိုင်(၃)၊ အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့ အထိမ်းအမှတ်အခမ်းအနား။ ဦးအောင်ချစ်လွင်၊ စစ်ကိုင်း(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးခက်ထိန်နန်၊ ကချင်(၁)၊ ဒေသဖွံ့ဖြိုးရေးတို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၁၆)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၅၃)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၅၅)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ဝန်ကြီးဌာနများ၏ ဥပဒေ၊ နည်းဥပဒေစာအုပ်များကို အများပြည်သူ ဝယ်ယူဖတ်ရှုနိုင်သော ဈေးနှုန်းဖြင့် အုပ်ရေများတိုးချဲ့ထုတ်လုပ်ပြီး ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ချိရောင်းချပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ**။ ။ ယခု ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစိုင်းတင်အောင် က ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ဝန်ကြီးဌာနများ၏ ဥပဒေ၊ နည်းဥပဒေစာအုပ်များကို အများပြည်သူ ဝယ်ယူဖတ်ရှုနိုင်သော ဈေးနှုန်းဖြင့် အုပ်ရေများ တိုးချဲ့ထုတ်လုပ်ပြီး ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ချိရောင်းချပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၂။**

**ဦးစိုင်းတင်အောင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)**။ ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနဲ့ ကော်မရှင်အဖွဲ့ဝင် ပညာရှင်များ အားလုံးနဲ့တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး ကာယ၊ စိတ္တ သုခ (၂)ဖြာနဲ့ ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းတင်အောင် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ဝန်ကြီးဌာနဆိုင်ရာ ဥပဒေ၊ နည်းဥပဒေစာအုပ်တွေကို ထိုက်သင့်တဲ့ ဈေးနှုန်းနဲ့ နိုင်ငံသားအများပြည်သူ ကျယ်ကျယ်ပြန့်ပြန့် ဝယ်ယူဖတ်ရှုနိုင်ဖို့အတွက် ထုတ်လုပ်ဖြန့်ချိပေးမယ့် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့မေးခွန်းကို အကြံပြုမေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးဟာ ပါတီစုံဒီမိုကရေစီ နိုင်ငံရေးစနစ်နဲ့အတူ ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးပြီးတော့ နိုင်ငံတော်ကို ပြည်သူဗဟိုပြုတဲ့ ပြုပြင်ပြောင်းလဲရေး မဟာဗျူဟာချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာမှာ အောင်မြင်မှုလမ်းကြောင်းပေါ် ရောက်ရှိနေတယ်လို့ ဆိုရမှာဖြစ်ပါတယ်။ တစ်ဘက်မှာလည်း စိန်ခေါ်မှုမြောက်များစွာ ရင်ဆိုင်ဖြေရှင်းနေရဆဲပဲဖြစ်တယ်လို့ ဆိုရမှာ ဖြစ်ပါတယ်။ ဥပမာ ပြည်တွင်းငြိမ်းချမ်းရေးကိစ္စဟာလည်း

ကျွန်တော်တို့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ တစ်ပိုင်းတစ်ကဏ္ဍ သက်ဆိုင်နေမယ်လို့ ကျွန်တော့်အနေနဲ့ ယုံကြည်မိပါတယ်။

နောက်တစ်ခုကတော့ ရခိုင်ပြည်နယ် အရေးကိစ္စဟာလည်း နိုင်ငံသားဥပဒေတွေနဲ့ တိုက်ဆိုင်နေမလားလို့ ကျွန်တော့်အနေနဲ့ ထင်မြင်ယူဆမိပါတယ်။ နောက်တစ်ခု လယ်ယာမြေကိစ္စတွေလည်း ကျွန်တော်တို့ အခုလက်ရှိ နိုင်ငံတော်က ပြဋ္ဌာန်းလိုက်တဲ့ လယ်ယာမြေဥပဒေအသစ်၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေတို့နဲ့လည်း တိုက်ဆိုင်နေမယ်လို့ ကျွန်တော့်အနေနဲ့ ယုံကြည်မိပါတယ်။ ဒီလိုကိစ္စရပ်တွေကို ဖြေရှင်းဆောင်ရွက်နိုင်ဖို့အတွက်ဆိုရင် ကျွန်တော်တို့ နိုင်ငံသား အများပြည်သူတွေဟာ ဥပဒေတွေကို ကျယ်ကျယ်ပြန့်ပြန့် ဂဃနဏ သိရှိထားမှ လိုက်နာကျင့်သုံး ဆောင်ရွက် နိုင်ပြီး နိုင်ငံတော်နဲ့အတူ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်မယ်လို့ ကျွန်တော့်အနေနဲ့ ယုံကြည်လို့ ဒီ မေးခွန်းကို ကျွန်တော်မေးရခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ အခု ပြုပြင်ပြောင်းလဲလာတဲ့ နိုင်ငံတော်ကြီးအနေနဲ့လည်း လူထုကရွေးချယ်တင်မြှောက်တဲ့ ကိုယ်စားလှယ်များနဲ့ ဖွဲ့စည်းထားတဲ့ လွှတ်တော်ကြီးကလည်း နိုင်ငံတော်နဲ့ နိုင်ငံသားများအတွက် အကျိုးဖြစ်ထွန်းမယ့် ဥပဒေတွေကို ကျွန်တော်တို့ ပြင်ဆင် ဖြည့်စွက် ပြဋ္ဌာန်း၊ အသစ်ရေးဆွဲ၊ အတည်ပြုနေပြီ ဖြစ်ပါတယ်။ တစ်ဘက်ကကြည့်မယ်ဆိုရင်လည်း ခေတ်စနစ်နဲ့ မလျော်ညီတော့တဲ့ ဥပဒေတွေကိုလည်း ပယ်ဖျက်ပြီးပေးနေတာ ဖြစ်နေပြီ ဖြစ်ပါတယ်။ တစ်ဖက်က ကြည့်မယ်ဆိုရင် လွှတ်တော်ကိုယ်စားလှယ်တွေကလည်း လွှတ်တော်နားချိန်မှာ ကျွန်တော်တို့ လွှတ်တော်အတွင်းမှာလည်း ဥပဒေပြုလုပ်ငန်းတွေကို ပူးပေါင်းပါဝင်ဆောင်ရွက်သလို၊ လွှတ်တော်နားတဲ့အချိန်မှာလည်း မိမိမဲဆန္ဒနယ်မြေရဲ့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေကို လွှတ်တော်ဥက္ကဋ္ဌကြီးတွေရဲ့ လမ်းညွှန်တာဝန်ပေးချက်အရ မိမိမဲဆန္ဒနယ်မြေထဲဆင်းပြီး ပြည်သူတို့ရဲ့ လူမှုစီးပွားဘဝလိုအပ်ချက်တွေကို ညှိနှိုင်းဖြေရှင်းဆောင်ရွက်နိုင်ဖို့အတွက် သက်ဆိုင်ရာဌာနများနဲ့ ပေါင်းစပ်ညှိနှိုင်းပြီးတော့ မဲဆန္ဒနယ်မြေကို ကွင်းဆင်းပြီး လွှတ်တော်အတွေ့အကြုံ ရှင်းလင်းပွဲတွေကို ဆောင်ရွက်ကြရတာဖြစ်ပါတယ်။

ဒီလိုလွှတ်တော်အတွေ့အကြုံရှင်းလင်းပွဲရဲ့ အတွေ့အကြုံတွေအရ ကျွန်တော်တို့ နိုင်ငံတော်ရဲ့ (၇၀)ရာခိုင်နှုန်းသော ကျေးလက်နေအများပြည်သူတို့ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ဝန်ကြီးဌာနက ထုတ်ပြန်တဲ့ ဥပဒေ၊ နည်းဥပဒေတွေကို သိရှိနားလည်တဲ့နေရာမှာ တော်တော်လေးကို အားနည်းနေတယ်လို့ ကျွန်တော်တို့ မျက်မြင်ကိုယ်တွေ့သိရှိရတာဖြစ်ပါတယ်။ လွှတ်တော်အတွေ့အကြုံရှင်းလင်းပွဲတွေကိုလည်း ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ် တစ်ဦးတစ်ယောက်တည်းနဲ့ ဆောင်ရွက်တာမဟုတ်ဘဲနဲ့ သက်ဆိုင်ရာ ဦးစီးဌာန မြို့နယ်အသီးသီးမှာရှိတဲ့ ဝန်ကြီးဌာန အသီးသီးလက်အောက်မှာရှိတဲ့ ဦးစီးဌာနကတာဝန်ရှိပုဂ္ဂိုလ်တွေနဲ့ ပူးပေါင်းဆောင်ရွက်ခဲ့တဲ့အတွက် ကျွန်တော်တို့ ဒါတွေအားလုံးဟာ ပူးပေါင်းပါဝင်ပြီး သိရှိခဲ့ရတာ ဖြစ်တဲ့အတွက် ဌာနဆိုင်ရာ အကြီးအကဲများအပြင် မိဘပြည်သူများရဲ့ တောင်းဆိုချက်အရ ကျွန်တော် ဒီမေးခွန်းကို မေးရခြင်းဖြစ်တယ်လို့ ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်တစ်ခု တည်ငြိမ်အေးချမ်းပြီး ဥပဒေနဲ့အညီ စည်းကမ်းတကျ ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် ပါဝင်ပတ်သက်တဲ့ နိုင်ငံသားများအားလုံးဟာ နိုင်ငံတော်ရဲ့ ပင်မဥပဒေဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ ဥပဒေ၊ နည်းဥပဒေတွေကို သက်ဆိုင်ရာ ကဏ္ဍအလိုက်၊ အမျိုးအစားအလိုက် ကျယ်ကျယ်ပြန့်ပြန့် ဂဃနဏ သိရှိနားလည်ပြီး လိုက်နာကျင့်သုံး ဆောင်ရွက်နိုင်မှ

နိုင်ငံတော်နဲ့ ပူးပေါင်းဆောင်ရွက်နိုင်မယ်လို့ ကျွန်တော့်အနေနဲ့ နားလည်ပါတယ်။ နိုင်ငံသား အများပြည်သူဟာ ဥပဒေနားလည်သိရှိဖို့ဆိုရင် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ သက်ဆိုင်ရာ ဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ ဥပဒေ၊ နည်းဥပဒေစာအုပ်တွေကို ဘာသာရေးစာအုပ်ကဲ့သို့ တန်ဖိုးထားပြီး လေ့လာနိုင် ဖို့အတွက် အိမ်တိုင်းမှာ ဆောင်ထား၊ ရှိထားသင့်တယ်လို့ ကျွန်တော့်အနေနဲ့ ယူဆမိပါတယ်။ ဒါမှလည်း အချိန်မရွေး လေ့လာကြည့်ရှုနိုင်ပြီးတော့ ဥပဒေကို ဂဃနဏ သိရှိနားလည်ပြီး နိုင်ငံတော်နဲ့ ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်မယ်လို့ ကျွန်တော့်အနေနဲ့ ယုံကြည်မိပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ဒီမေးခွန်းကြီးကို မေးမြန်းရခြင်း ဖြစ်ပါတယ်။ နိုင်ငံတော်ကြီး ပြုပြင်ပြောင်းလဲရာမှာ နိုင်ငံသားများ ဥပဒေစည်းကမ်းများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်ပြီး လိုက်နာကျင့်သုံးကာ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်စေရန် နိုင်ငံတော်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ဝန်ကြီးဌာန ဥပဒေ၊ နည်းဥပဒေစာအုပ်များ အများပြည်သူဝယ်ယူဖတ်ရှုနိုင်သော ဈေးနှုန်းဖြင့် အုပ်ရေများ တိုးချဲ့ထုတ်လုပ်ပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်များသို့ ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ချိရောင်းချပေးပါရန် နိုင်ငံသား အများပြည်သူကိုယ်စား လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၈။**

**ဦးရဲထွဋ် (ပြည်ထောင်စုဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မိုးညှင်းမြို့၊ ကချင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၅) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းတင်အောင် ရဲ့ မေးခွန်းနဲ့ ပတ်သက်ပြီး ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ပြန်လည်တင်ပြပါ့မယ်။ ပြန်ကြားရေးဝန်ကြီးဌာန အနေနဲ့ ပြည်ထောင်စုလွှတ်တော်မှာ အတည်ပြုပြဋ္ဌာန်းပြီးသည့် ဥပဒေများ၊ နည်းဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ဝေရောင်းချခြင်းနဲ့ ပတ်သက်၍ အပိုင်း(၂)ပိုင်းဖြင့် ဆောင်ရွက်လျက်ရှိပါတယ်။

ပထမအပိုင်းမှာတော့ ပြည်ထောင်စုလွှတ်တော်မှာ အတည်ပြုပြီးသည့် ဥပဒေများ၊ နည်းဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို အပတ်စဉ်ထုတ်ဝေလျက်ရှိသော နိုင်ငံတော်ပြန်တမ်းမှာ ထည့်သွင်းရိုက်နှိပ်ဖော်ပြပေးခြင်း ဖြစ်ပါတယ်။ အဆိုပါ ပြန်တမ်းများကို တစ်သီးပုဂ္ဂလပြည်သူများအနေနဲ့ ကြိုတင်ငွေ တစ်နှစ်စာပေးသွင်းပြီး မှာကြားနိုင်သလို၊ လက်ငင်းဝယ်ယူနိုင်ရန်အတွက်လည်း စာပေဗိမာန်စာအုပ်အရောင်းဆိုင် နေပြည်တော်၊ ရန်ကုန်၊ မန္တလေးတို့မှာ ရောင်းချပေးလျက်ရှိပါတယ်။

ဒုတိယအပိုင်းမှာ ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပြဋ္ဌာန်းပြီးသည့် ဥပဒေများကို ပြက္ခဒိန်တစ်နှစ်ချင်းအလိုက် ထွက်ရှိသည့် ဥပဒေများကို စုပေါင်း၍ ဥပဒေပေါင်းချုပ် ၂၀၁၁၊ အုပ်ရေ (၃၁၀၀)ကို တစ်အုပ်လျှင်(၁၅၀၀)ကျပ်နှုန်း၊ ဥပဒေပေါင်းချုပ် ၂၀၁၂၊ အုပ်ရေ (၄၀၀၀)ကို တစ်အုပ်လျှင် (၄၀၀၀) ကျပ်နှုန်းဖြင့် ပြန်ကြားရေးဝန်ကြီးဌာနမှ ထုတ်ဝေရောင်းချခဲ့ပြီး ဖြစ်ပါတယ်။ ဥပဒေပေါင်းချုပ် ၂၀၁၃

ကိုတော့ လွှတ်တော်ပုံနှိပ်တိုက်မှ ပုံနှိပ်ပြီး ပြန်ကြားရေးဝန်ကြီးဌာနသို့ အုပ်ရေ(၁၀၀၀)ပေးပို့ပြီး တစ်အုပ်လျှင် (၂၈၀၀)ကျပ်နှုန်းဖြင့် ရောင်းချပေးရန် တာဝန်ပေးတဲ့အတွက်ကြောင့်မို့လို့ ရောင်းချပေးလျက်ရှိပါတယ်။ အလားတူ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ပတ်သက်ပြီး အများပြည်သူလေ့လာနိုင်ရန်အတွက် ယနေ့အထိ အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာဖြင့် ဖော်ပြထားသော စာအုပ်ကြီး (၅၆၀၀၀)ကို ပုံနှိပ်ပြီး၊ တစ်အုပ်လျှင် (၂၀၀၀)ကျပ်နှုန်းဖြင့် လည်းကောင်း၊ အိတ်ဆောင်မြန်မာ (၈၀၃၀၀၀)အုပ်နှင့် အိတ်ဆောင် အင်္ဂလိပ်ဘာသာဖြင့် (၁၃၀၀၀)အုပ်ကို ပုံနှိပ်ပြီး၊ တစ်အုပ်လျှင် (၅၀၀)ကျပ်နှုန်းဖြင့် လည်းကောင်း စာပေဗိမာန်အရောင်းဆိုင်များမှ ရောင်းချပေးလျက် ရှိပါတယ်။

စာအုပ်များရဲ့ လက်ရှိလက်ကျန်စာရင်းကို ကျွန်တော်တို့ ပြန်လည်ဆန်းစစ်တဲ့အခါမှာ ၂၀၁၁၊ ဥပဒေပေါင်းချုပ်စာအုပ် (၃၈၇)အုပ် လက်ကျန် ကျန်ရှိနေပြီး၊ ၂၀၁၂၊ ဥပဒေပေါင်းချုပ်(၃၅၆)အုပ်၊ အခြေခံဥပဒေစာအုပ်ကြီး (၄၀၀၀)နဲ့ စာအုပ်သေး(၁၀၀၀၀) ကျန်ရှိနေပါတယ်။ ကျွန်တော်တို့ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ပုံနှိပ်စာမူများကို ရောင်းချသလိုပဲ ပြည်သူများ လက်လှမ်းမီလေ့လာနိုင်ဖို့အတွက် ပြန်ကြားရေးနဲ့ ပြည်သူ့ဆက်ဆံရေးရုံး (၂၉၄)ရုံးမှာ နိုင်ငံတော်ပြန်တမ်းများနဲ့ အခြေခံဥပဒေစာအုပ်များကို ကိုးကားနိုင်ရန် ထားရှိပေးထားပါတယ်။ အလားတူပဲ ကျွန်တော်တို့ ၂၀၁၂-၂၀၁၃ ကစပြီး၊ ဒီဂျစ်တယ်ပုံစံဖြင့် ဖတ်ရှုနိုင်ရန် Public Digital Library (၃၁၄)ခုကို တိုင်းဒေသကြီး၊ ပြည်နယ်များအတွင်းမှာ ရှိတဲ့ လူစည်ကားရာနေရာများမှာ တပ်ဆင်ပေးခဲ့ပြီး အဲဒီ Digital Library များမှာ အခြေခံဥပဒေနဲ့ နည်းဥပဒေများကို PDF Format နဲ့ ထည့်သွင်းနိုင်ရေးအတွက် ကျွန်တော်တို့ ဆောင်ရွက်ထားပါတယ်။ အဲဒီ Public Digital Library များကိုလည်း ယခုဘဏ္ဍာရေးနှစ်မှာ (၁၀၀) နဲ့ လာမယ့် ဘဏ္ဍာရေးနှစ်မှာ (၁၀၀)ထပ်မံတိုးချဲ့သွားမှာ ဖြစ်ပါတယ်။

ပုံနှိပ်စာမူများနဲ့ ပတ်သက်ပြီး လက်ကျန်စာအုပ်များ ကုန်ဆုံးပါက ထပ်မံပုံနှိပ်ပေးမှာ ဖြစ်ပါတယ်။ တစ်ဖက်ကလည်း စာပေဗိမာန် အရောင်းဆိုင်များမှာပဲ ရောင်းချနေတဲ့အတွက်ကြောင့်မို့လို့ ကျယ်ပြန့်မှု ဖြန့်ချိနိုင်မှု အားနည်းနေတာကိုလည်း ကျွန်တော်တို့ တွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ မြို့နယ်များမှာရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အထောက်အကူပြုအဖွဲ့များမှ သီးခြားစုစည်းပြီး ပြန်ကြားရေးနဲ့ ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကတစ်ဆင့် မှာယူမယ်ဆိုပါက ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာ မြို့နယ်များအရောက် ပေးပို့ပေးနိုင်ရန် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

သို့ပါ၍ ပြန်ကြားရေးဝန်ကြီးဌာန အနေဖြင့် ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းပြီးဖြစ်သော ဥပဒေ၊ နည်းဥပဒေများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေများ၊ အပတ်စဉ်ထုတ် နိုင်ငံတော်ပြန်တမ်းများကို အများပြည်သူများမှ လွယ်လင့်တကူ ဖတ်ရှုနိုင်ရန်အတွက် စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြန်လည်တင်ပြဖြေကြားအပ်ပါတယ်။

**အချိန်၊ ၁၀း၂၂။**

**ဦးစိုင်းတင်အောင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုဝန်ကြီး ဖြေကြားသွားတာကို ကျွန်တော်အားလုံး ရိုသေလေးစားစွာ လက်ခံပါတယ်။ ဒါပေမဲ့ ကျွန်တော် မေးမြန်းတင်ပြထားတာဟာ ကျွန်တော်တို့နိုင်ငံဟာ တိုင်း(၇)တိုင်း၊ ပြည်နယ် (၇) ပြည်နယ် ရှိပါတယ်။ နိုင်ငံသားအားဖြင့် အကြမ်းဖျင်း ရွှေ့ပြောင်းစာရင်းအရ လူဦးရေသန်းပေါင်း (၅၁)သန်းရှိပါတယ်။ ကျွန်တော်တို့ ပြည်ထောင်စုဝန်ကြီး ဖြေကြားချက်အရ ကျွန်တော်တို့ ဖွဲ့စည်းပုံအခြေခံဥပဒေ

ဟာ နိုင်ငံတော်အတွက် အလွန်လိုအပ်တဲ့ စာအုပ်ဖြစ်ပါတယ်။ မရှိမဖြစ်လိုအပ်တဲ့ စာအုပ် ဖြစ်ပါတယ်။ အခု တစ်နိုင်ငံလုံးမှာ ကျွန်တော်တို့ ဖွဲ့စည်းပုံအခြေခံဥပဒေ အုပ်ရေ (၅၀၀၀၀)ပဲ ရှိသေးတယ်။ ကျွန်တော်တို့ လူတစ်ဦး တစ်ယောက်ချင်းအတွက် မဆိုလိုပါဘူး။ တစ်အိမ်မှာ တစ်အုပ်လောက် ဆောင်ထားနိုင်ရင်တောင်မှ ကျွန်တော်တို့ မဆိုးတော့ဘူးလို့ ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်။ ဒါတွေဟာ နိုင်ငံတော်ကြီး ပြုပြင်ပြောင်းလဲရေးကာလအချိန်မှာ ကျွန်တော်တို့ ဒီ ဥပဒေ၊ နည်းဥပဒေတွေ၊ ဝန်ကြီးဌာနက ထုတ်ပြန်တဲ့ စည်းမျဉ်း၊ စည်းကမ်းတွေ အကုန်လုံးဟာ နိုင်ငံသားအားလုံးက သိထားသင့်တယ်လို့ ကျွန်တော့်အနေနဲ့ ယုံကြည်မိပါတယ်။

ကျွန်တော့်အနေနဲ့ ယခု ပြည်ထောင်စုဝန်ကြီးရဲ့ အဖြေကို စောဒကတက်ခြင်း မဟုတ်ပါဘူး။ ကျွန်တော် ဆိုလိုတာက အခု ကျွန်တော်တို့ ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးလိုက်တဲ့ ဥပဒေတိုင်းကို ကျွန်တော်တို့ သပြေကုန်းဈေးတို့၊ နေပြည်တော်မှာရှိတဲ့ မြို့မဈေးတို့မှာရှိတဲ့ မိတ္တူဆိုင်လေးတို့၊ ကွန်ပျူတာ တစ်လုံးတည်းနဲ့ စာပုံနှိပ်စက်လုပ်နေတဲ့ အသေးစားလုပ်ငန်းရှင်လေးတွေတောင်မှ ဥပဒေစာအုပ်တွေကို ခြုံပြီးတော့ တစ်အုပ်ကို (၂၀၀)၊ (၃၀၀)၊ (၄၀၀)၊ (၅၀၀)နဲ့ ပြည်သူတွေ ဖတ်ရှုလေ့လာနိုင်ဖို့အတွက် ဖြန့်ချိနေတဲ့အချိန်မှာ ကျွန်တော်တို့ နိုင်ငံတော်အနေနဲ့ ဒီ နိုင်ငံတော်ဘတ်ဂျက်က ပြည်သူတွေရဲ့ ငွေတွေပဲ ဖြစ်ပါတယ်။ ပြည်သူတွေ သိရှိနားလည်နိုင်ဖို့အတွက် ပြည်သူတွေကို ပြန်လည်အသိပညာပေးဖို့အတွက် ပြည်သူတွေကို ကိုယ်စားပြုတဲ့ နိုင်ငံတော်ကနေ ပံ့ပိုးပေးသင့်တယ်။ လုပ်ပေးသင့်တယ်လို့ ကျွန်တော့်အနေနဲ့ ထင်မြင်ယူဆလို့ ကျွန်တော့်အနေနဲ့ ဒီမေးခွန်းမေးရခြင်း ဖြစ်ပါတယ်။ ကျွန်တော်အဓိက မေးတာကတော့ တိုင်းဒေသကြီး၊ ပြည်နယ်(၁၄)ခုစလုံးမှာရှိတဲ့ ခရိုင်၊ မြို့နယ်တိုင်းမှာ ဒီဟာတွေကို ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ချိပြီး စာအုပ်ထုတ်လုပ်ရုံတင် မပြီးဘဲနဲ့ သက်ဆိုင်ရာဝန်ကြီးဌာနက တာဝန်ရှိတဲ့ ပုဂ္ဂိုလ်တွေ၊ ဦးစီးဌာနအောက်မှာရှိတဲ့ တာဝန်ရှိ အကြီးအကဲတွေက ပညာပေးလုပ်ငန်းတွေ ဥပဒေနဲ့ ပတ်သက်တဲ့ သိသင့်သိထိုက်တဲ့ ဥပဒေတွေ၊ စည်းမျဉ်း၊ စည်းကမ်းတွေ ကျွန်တော်တို့ ဗဟုသုတတွေကို ဖြန့်ဝေပေးဖို့ လိုအပ်တယ်လို့ ကျွန်တော့်အနေနဲ့ မေးမြန်းခြင်း ဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၄။**

**ဥက္ကဋ္ဌ**။ ။ အဲဒီ စာအုပ်တွေကတော့ ဝယ်မှာမဟုတ်ဘူး။ ပြန်/ဆက် ခုန စာကြည့်တိုက်တွေမှာ ထားပေးပါတယ်လို့ ဖြေသွားတာရှိတာပေါ့၊ နောက်တစ်ခုက ဝယ်ချင်ရင်လည်း အဲဒီ စာကြည့်တိုက်တွေကတစ်ဆင့် မှာလို့ရတယ်။ ဟုတ်တယ်မဟုတ်လား။

**အချိန်၊ ၁၀း၂၄။**

**ဦးရဲထွဋ် (ပြည်ထောင်စုဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန)**။ ။ ခုန လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသလိုပါပဲ။ ကျွန်တော်တို့ ပိုပြီးတော့ ကျယ်ပြန့်အောင်ဆိုရင်တော့ မှာမယ့်အစား၊ ကျွန်တော်တို့ အုပ်ရေ သတ်မှတ်ပြီးတော့မှ ပြည်နယ်၊ တိုင်းမှာရှိတဲ့ ပြန်/ဆက်တွေကို ကျွန်တော်တို့ ပို့ထားပေးလို့ရပါတယ်။ နောက်ပြီးတော့ ကျွန်တော်တို့ ဒီနှစ်ဘတ်ဂျက်မှာ သီးခြားလျာထားတာ မရှိပေမယ့် ကျွန်တော်တို့ အခု ပစ္စည်းဝယ်ယူမှုတွေလုပ်ပြီးတဲ့အခါမှာ တကယ်လို့ ငွေပိုတယ်ဆိုရင် ကျွန်တော်တို့ လက်ကျန် စာအုပ်တွေကို စပြီးတော့မှ သက်ဆိုင်ရာ ပြည်နယ်၊ တိုင်း ပြန်/ဆက်ရုံးတွေကို ကျွန်တော်တို့ ဖြန့်ပါမယ်။ ဖြန့်ပြီးလို့ ရှိရင်တော့ အဲဒီ့ပြန်/ဆက်ရုံးတွေက မြို့နယ်နဲ့ ခရိုင်များဆီက ဝယ်ယူချင်တဲ့သူရှိရင် ကျွန်တော်တို့ ဖြန့်ပေးတဲ့စနစ်နဲ့ ကျွန်တော်တို့ စပြီးတော့ ဆောင်ရွက်ပေးပါမယ်။

**အချိန်၊ ၁၀း၂၄။**

**ဥက္ကဋ္ဌ။** ။ ဥပဒေအားလုံးကို လုပ်ပေးလိုက်ဖို့ ဘတ်ဂျက်ကို တင်ပြီးတော့၊

**အချိန်၊ ၁၀း၂၄။**

**ဦးရဲထွဋ် (ပြည်ထောင်စုဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန)။** ။ ကျွန်တော်တို့ ပထမတော့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေပေါင်းချုပ်စာအုပ်တွေကိုလည်း ကျွန်တော်တို့ လုပ်လို့ရပါတယ်။ ဒါပေမဲ့ ၂၀၁၃ က လွှတ်တော်က ရိုက်ထားတာဖြစ်တဲ့အတွက်ကြောင့်မို့လို့ တကယ်လို့ ကျွန်တော်တို့ကို Soft Copy ပေးမယ်ဆိုရင် ကျွန်တော်တို့ ပုံနှိပ်တိုက်ကနေ သီးခြားပြန်ရိုက်ပေးပြီးတော့ ဖြန့်ဝေပေးလို့ ရပါတယ်။

**အချိန်၊ ၁၀း၂၅။**

**ဥက္ကဋ္ဌ။** ။ သူက အစိုးရအဖွဲ့က ရိုက်တာပဲ။ လွှတ်တော်ကတော့ တကယ်တော့ ရိုက်ဖို့တော့ တာဝန်မရှိဘူးပေါ့။ ရိုက်တဲ့အပိုင်းတော့ ရှိမှာပေါ့လေ၊ သို့သော်တကယ်တော့ အစိုးရက ရိုက်တာပါ။ ရိုက်တော့ Soft Copy လိုချင်လည်း ရပါတယ်။ ဒါ ပြဿနာမရှိပါဘူး။ ပြန်/ဆက်စာကြည့်တိုက်တွေမှာ အကုန်ဖြန့်ထားလိုက်တယ်ဆိုရင် လုံလောက်ပါတယ်။ တစ်အိမ်တစ်အုပ်ကတော့ ဘယ်သူမှလဲ ဝယ်မှာ မဟုတ်ဘူး။ လေ့လာချင်တဲ့သူက ပြန်/ဆက်စာကြည့်တိုက်နဲ့ ဆက်သွယ်ပြီးလေ့လာ၊ ဝယ်ချင်လည်း ဝယ်လို့ရတယ်။ ဖတ်ချင်လည်း အလကားဖတ်လို့ ရတယ်ဆို အဆင်ပြေသွားမှာပေါ့။ ဦးစိုင်းတင်အောင် ဟုတ်ပြီလား။

**မိုင်းရှူးမြို့နယ် ပြည်သူ့ဆေးရုံတွင် လစ်လပ်လျက်ရှိသော သွားဘက်ဆိုင်ရာ ဆရာဝန်တစ်ဦး စေလွှတ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းကျော်ဇောသန်းက မိုင်းရှူးမြို့နယ် ပြည်သူ့ဆေးရုံတွင် လစ်လပ်လျက်ရှိသော သွားဘက်ဆိုင်ရာဆရာဝန်တစ်ဦး စေလွှတ်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၅။**

**ဦးစိုင်းကျော်ဇောသန်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ ကော်မရှင် လူကြီးမင်းများနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။ ကျွန်တော် ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်ဇောသန်း အနေနဲ့ မိုင်းရှူးမြို့နယ်၊ ပြည်သူ့ဆေးရုံတွင် လစ်လပ်လျက်ရှိသော သွားဘက်ဆိုင်ရာ ဆရာဝန်တစ်ဦး စေလွှတ်ပေးရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့ မေးခွန်းနဲ့ ပတ်သက်ပြီးတော့မှ မေးမြန်းသွားမှာ ဖြစ်ပါတယ်။ မိုင်းရှူးမြို့နယ် ဆေးရုံမှာ ယခင်က မြို့နယ်ဆရာဝန်ကြီးနဲ့အတူ သွားဘက်ဆိုင်ရာ ဆရာဝန်တစ်ဦး ရှိခဲ့ဖူးပါတယ်။ ၂၀၀၂၊ ၂၀၀၃၊ ၂၀၀၄ (၃)နှစ်တာ ကာလလောက် ယင်းဆရာဝန်က တာဝန်ထမ်းဆောင်ပြီး ပြောင်းသွားတဲ့နောက်ပိုင်း နောက်ထပ် ဆရာဝန် တစ်စုံတစ်ဦးမှ မရောက်ရှိသေးတာကို သိရှိရပါတယ်။ ဆရာဝန်အနေနဲ့ မပျော်ရှဲပဲလား ဒါမှ

မဟုတ် နောက်ထပ် လွှတ်စရာ ဆရာဝန် မရှိတော့၍ပဲလား ဆိုတာတော့ အတိအကျ မပြောနိုင်ပါဘူး။ ယခုအခါ မိုင်းရှူးဒေသခံများက သွားဝေဒနာ ခံစားလာရပြီဆိုရင် တောင်ကြီးမြို့၊ မန္တလေးမြို့ စသည် အားဖြင့် သွားလာပြီးတော့မှ ကုသနေရပါတယ်။ ခရီးဝေး၊ အချိန်ကြာ ငွေကုန်ကြေးကျများ ပင်ပန်းပြီးတော့ တတ်နိုင်သူများသာ သွားရောက်ကုသနိုင်ခဲ့ပါတယ်။ မိုင်းရှူးမြို့နယ် ဒေသခံပြည်သူများက မိုင်းရှူးမှာ လာရောက် တာဝန်ထမ်းဆောင်မယ့် သွားဘက်ဆိုင်ရာ ဆရာဝန်ကို မိမိတို့နေပျော်အောင် ကူညီဆောင်ရွက် ပေးမယ့်အကြောင်း ပြောလာကြပါတယ်။ လောလောဆယ်အခြေအနေမှာ မိုင်းရှူးဒေသခံများအဖို့ မိမိဘဝလုံခြုံရေးကိုတောင် ဖန်တီးနိုင်တဲ့အခွင့်အရေး လွန်စွာနည်းပါးနေပါတယ်။ မည်သို့ဆိုစေ မိုင်းရှူးမြို့နယ် ပြည်သူ့ဆေးရုံမှာ လစ်လပ်နေတဲ့ သွားဘက်ဆိုင်ရာ ဆရာဝန်တစ်ဦးကိုတော့ မျှော်လင့် စောင့်စားလျက်ရှိနေကြပါတယ်ဆိုတာကို သိရှိရပါတယ်။

ဒါကြောင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မိုင်းရှူးမြို့နယ် ပြည်သူများရဲ့ကိုယ်စား အောက်ပါမေးခွန်း ကို မေးမြန်းအပ်ပါတယ်ခင်ဗျား။ မိုင်းရှူးမြို့နယ် ပြည်သူ့ဆေးရုံတွင် လစ်လပ်လျက်ရှိသော သွားဘက် ဆိုင်ရာဆရာဝန်တစ်ဦး စေလွှတ်ပေးရန် အစီအစဉ် ရှိ/မရှိကို လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၈။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ပတ်သက်ပြီး ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြား ပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၈။**

**ဒေါက်တာဝင်းမြင့် (ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ဧည့်သည်တော်များ ခင်ဗျား မင်္ဂလာပါ။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ် အမှတ်(၂)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော် ဦးစိုင်းကျော်ဇောသန်း ရဲ့ ကြယ်ပွင့်ပြ မေးခွန်းအား ပြန်လည်ဖြေကြားခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။

ရှမ်းပြည်နယ် လွိုင်လင်ခရိုင်၊ မိုင်းရှူးမြို့နယ် ပြည်သူ့ဆေးရုံမှာ သွားဘက်ဆိုင်ရာ ဆရာဝန် ဒေါက်တာဝင်းနိုင်ထွန်း သခ-၁၃၀၀ ကို ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာနရဲ့ ၂၃-၇-၂၀၁၃ ရက်စွဲပါစာအမှတ်ဖြင့် ခန့်အပ်ထားပြီး ၂၄-၉-၂၀၁၃ ရက်နေ့မှစ၍ အလုပ်တာဝန်များ လက်ရှိ လည်း ထမ်းဆောင်လျက်ရှိပါတယ်။ မနေ့ကလည်း ကျွန်တော်ထပ်ပြီး Confirmation မေးတဲ့အခါမှာ ၂၄-၉-၂၀၁၃ ကနေပြီးတော့ ယနေ့အချိန်ထိ တောက်လျှောက် တာဝန်ထမ်းဆောင်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြား တင်ပြအပ်ပါတယ်ခင်ဗျား။

**မြန်မာနိုင်ငံ အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များကို ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းသို့ တင်သွင်းနိုင်ရေးအတွက် အမျိုးအစားအလိုက် ကြိုတင်သတ်မှတ်မှုနှင့် ကြိုတင်ပြင်ဆင်ထားမှု အခြေအနေတို့ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၉။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဉာဏ်လင်း က မြန်မာနိုင်ငံ အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များကို ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းသို့ တင်သွင်းနိုင်ရေးအတွက် အမျိုးအစားအလိုက် ကြိုတင်သတ်မှတ်မှုနှင့် ကြိုတင်ပြင်ဆင်ထားမှု အခြေအနေတို့ကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၉။**

**ဦးဉာဏ်လင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)**။ ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်လင်း ဖြစ်ပါတယ်။ နိုင်ငံတော်ယဉ်ကျေးမှုဌာနရဲ့ ကြိုးပမ်းမှုကြောင့် မြန်မာ့ ပျူရှေးဟောင်းမြို့တော်များ ဖြစ်ကြတဲ့ ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာ မြို့ဟောင်းများကို UNESCO က ကမ္ဘာ့အမွေအနှစ်စာရင်းဝင် သတ်မှတ်နိုင်ခဲ့ခြင်းကို လွန်စွာ ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း ဦးစွာတင်ပြလိုပါတယ်။ ယခု မေးခွန်းကို မေးမြန်းရခြင်းကတော့ မိမိတို့နိုင်ငံရဲ့ ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များနဲ့စပ်လျဉ်း၍ မြတ်နိုးတန်ဖိုးထားကြတဲ့ ပြည်သူများသိရှိနိုင်ဖို့ ရည်ရွယ်ပြီး မေးမြန်းရခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ UNESCO က ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များအဖြစ် သတ်မှတ်ပြီး ကာကွယ်ထိန်းသိမ်းရန်အတွက် ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များအား၊ ကာကွယ်စောင့်ရှောက်ရေး ကွန်ဗင်းရှင်းကို ၂၀၀၃ ခုနှစ်မှာ အတည်ပြုချမှတ်နိုင်ခဲ့ပါတယ်။ မိမိတို့နိုင်ငံကလည်း ၂၀၁၄ ခုနှစ် မတ်လမှာ တင်ပြပါ ကွန်ဗင်းရှင်းသို့ လက်မှတ်ရေးထိုးဝင်ရောက်ရန် ပြည်ထောင်စုလွှတ်တော်ရဲ့ သဘောတူညီ အတည်ပြုနိုင်ခဲ့ပြီး ဖြစ်ပါတယ်။ ကမ္ဘာပေါ်မှာ ပါးစပ်ရာဇဝင်နှင့် ဖော်ပြချက်များ၊ ဘာသာစကားများ ဖျော်ဖြေတင်ဆက်မှု အနုပညာများ၊ လူမှုရေးအစဉ်အလာ အလေ့အထများ၊ ရိုးရာဓလေ့များနဲ့ ပွဲတော်များ၊ သဘာဝနှင့် စကြာဝဠာဆိုင်ရာ ဗဟုသုတနှင့် ရိုးရာအစဉ်အလာ အလေ့အထများ၊ ရိုးရာလက်မှုပညာရှင်များစတဲ့ အမျိုးအစားကြီး (၅)မျိုးမှာ စုစုပေါင်း(၂၉၈)မျိုးကို ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ် (Intangible Cultural Heritage) အဖြစ် သတ်မှတ်ပြီးကြောင်း လေ့လာသိရှိရပါတယ်။ မိမိတို့နိုင်ငံမှာ ဖျော်ဖြေတင်ဆက်မှု အနုပညာများ (Performing Arts)၊ လူမှုရေး အစဉ်အလာ အလေ့အထများ၊ ရိုးရာဓလေ့များနှင့်ပွဲတော်များ (Social Practices, Rituals and Festive Events)၊ ရိုးရာလက်မှုပညာရပ်များ (Traditional Craftsmanship) စတဲ့ အမျိုးအစားကြီး(၃)မျိုးမှာ ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များ များစွာ ရှိနေလိမ့်မယ်ဟု ထင်မြင်ပါတယ်။ ဥပမာ ဖျော်ဖြေတင်ဆက်မှု အနုပညာမှာ မြန်မာ့ရုပ်သေးပညာ၊ မြန်မာ့ဆိုင်းဝိုင်းကြီးပညာ၊ ရိုးရာဓလေ့ပွဲတော်များမှာ မြန်မာ့နှစ်သစ်ကူး သင်္ကြန်ပွဲတော်၊ သတင်းကျွတ် မီးထွန်းပွဲတော်၊ ရိုးရာလက်မှုပညာရပ်မှာ ရွှေပြားခက်၊ ရွှေဆိုင်းပညာ၊ ရွှေချည်

ထိုးပညာစသဖြင့် တန်းဝင်အဆင့်ဝင်ဖြစ်လိမ့်မယ်လို့ ယူဆပါတယ်။ ဒါကတော့ ကျွန်တော့်ရဲ့ ထင်မြင်ခြင်း သာဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ မိမိတို့နိုင်ငံရဲ့ အမျိုးသားဒြပ်မဲ့ ယဉ်ကျေးမှု အမွေအနှစ်များကို ကမ္ဘာ့ဒြပ်မဲ့ ယဉ်ကျေးမှု အမွေအနှစ် စာရင်းဝင် တင်သွင်းနိုင်ရေးအတွက် မြန်မာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးအစားအလိုက် ကြိုတင်သတ်မှတ်ထားမှုနှင့် ကြိုတင်ပြင်ဆင်ထားမှု အခြေအနေတို့ကို မိမိတို့ရဲ့ မြန်မာ့ဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ်များကို မြတ်နိုးတန်ဖိုးထားကြတဲ့ ပြည်သူများ သိရှိနိုင်ရေးအတွက် ဖြေကြားပေးပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ရှိပါတယ် ဥက္ကဋ္ဌကြီး ခင်ဗျား။

**အချိန်၊ ၁၀း၃၃။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၃။**

**ဒေါ်စန္ဒာခင် (ဒုတိယဝန်ကြီး၊ ယဉ်ကျေးမှုဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်များ အားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်ရှင့်။ ကျွန်မကတော့ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင် ဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဉာဏ်လင်း မေးမြန်းတဲ့ မေးခွန်းနဲ့ပတ်သက်၍ ဖြေကြားသွားမှာ ဖြစ်ပါတယ်ရှင့်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရှင့်။ မြန်မာနိုင်ငံအတွင်းမှာ ဒြပ်ရှိ ယဉ်ကျေးမှု အမွေအနှစ်များ (Tangible Cultural Heritage) များ ကြွယ်ဝသလို မြန်မာတိုင်းရင်းသား အသီးသီးတို့၏ ဒြပ်မဲ့ ယဉ်ကျေးမှု အမွေအနှစ်များ (Intangible Cultural Heritage) များလည်း မြောက်မြားစွာ ရှိပါတယ်။ ယဉ်ကျေးမှုဝန်ကြီးဌာန အနေဖြင့် ထိုသို့တည်ရှိနေတဲ့ ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များအနက်မှ (က) ပါးစပ်ရာဇဝင်နှင့် ဖော်ပြချက်များ၊ ဘာသာစကားများ၊ (ခ) ဖျော်ဖြေတင်ဆက်မှု အနုပညာများ၊ (ဂ)လူမှုရေးအစဉ်အလာ အလေ့အထများနှင့် ရိုးရာဓလေ့များ၊ ပွဲတော်များ၊ (ဃ) သဘာဝနှင့် စကြာဝဠာဆိုင်ရာ ဗဟုသုတနှင့် ရိုးရာအစဉ်အလာ အလေ့အထများ၊ (င) ရိုးရာလက်မှု အနုပညာများ ဆိုပြီးတော့မှ ကျွန်မတို့ အပိုင်း(၅)ပိုင်းသတ်မှတ်ပြီးတော့ သုတေသနပြု ဆောင်ရွက်လျက် ရှိပါတယ်ရှင့်။

မြန်မာ့ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များကို ကမ္ဘာ့ ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်း တင်သွင်းရေးနဲ့ စပ်လျဉ်းပြီးတော့ ဆောင်ရွက်ရမယ့် လုပ်ငန်းစဉ် တွေကတော့ (က) ဒြပ်မဲ့ယဉ်ကျေးမှု အမွေနှစ်များကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရေး ကွန်ဗင်းရှင်း ဆိုပြီးတော့ ၂၀၀၃ ကွန်ဗင်းရှင်း ရှိပါတယ်။ အဲဒီ 2003 Convention for the Safe-guarding of the Intangible Cultural Heritage ကို ကျွန်မတို့ ဦးစွာဝင်ရောက်မှာ ဖြစ်ပါတယ်။

(ခ) ဒုတိယအဆင့်အနေနဲ့ကတော့ UNESCO ကို ဆက်သွယ်ပြီးတော့မှ လိုအပ်တဲ့ နည်းပညာဆိုင်ရာ၊ ငွေကြေးဆိုင်ရာတွေ ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်း (Inventory) ပြုစုရေးနဲ့ ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အကူအညီများ တောင်းခံရမှာ ဖြစ်ပါတယ်။ တတိယအဆင့်အနေနဲ့ အမျိုးသားအဆင့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်း (National Intangible Cultural Heritage Inventory) ပြုစုရေးအတွက်ကို ကော်မတီ ဖွဲ့စည်းဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ စတုတ္ထအဆင့် အနေနဲ့ကတော့ တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းများကို ပြုစုဖို့ ဖြစ်ပါတယ်ရှင့်။ နောက် ပဉ္စမအဆင့်ကတော့ National Intangible Cultural Heritage Act ကို ပြဋ္ဌာန်းရမှာ ဖြစ်ပါတယ်။ ကျွန်မတို့ ၂၅-၃-၂၀၁၄ ရက်နေ့မှာ ကျင်းပခဲ့တဲ့ ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေးရဲ့ အတည်ပြုချက်အရ မြန်မာနိုင်ငံအနေဖြင့် 2003 Convention for the Safe-guarding of the Intangible Cultural Heritage ကို ၇-၈-၂၀၁၄ ရက်နေ့မှာ လက်မှတ်ရေးထိုး ဝင်ရောက်ပြီး ဖြစ်ပါတယ်။ ဆောင်ရွက်ထားရှိမှုများ အနေနဲ့ဆိုရင်တော့ အခုဆိုရင် ကျွန်မတို့ တေးဂီတနှင့်ပတ်သက်ပြီးတော့ မဟာဂီတဝင် တေးသီချင်းကြီးများ ဖြစ်ကြတဲ့ ကြိုး၊ ဘွဲ့၊ သီချင်းခံ၊ ပတ်ပျိုး၊ ယိုးဒယား အစရှိတဲ့ တေးသီးချင်းများကို မူအမျိုးမျိုး ကွဲပြားနေရာကနေပြီးတော့မှ နိုင်ငံတော်မူအဖြစ် စုစည်းသတ်မှတ်လျက်ရှိပါတယ်။

အလားတူပါပဲ ကျေးလက်တေးသံများကို ဖော်ထုတ်မှတ်တမ်းပြုစုခြင်းနဲ့ မြန်မာတိုင်းရင်းသားအသီးသီးတို့ရဲ့ တူရိယာပစ္စည်းများ စာရင်းကောက်ယူခြင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာ့ဂီတဝေါဟာရ အဖွင့်များကိုလည်း ပြုစုနေဆဲ ဖြစ်ပါတယ်ရှင့်။ အကနှင့် ပတ်သက်လို့လည်းပဲ မြန်မာအက၊ အခြေခံကဗျာလွတ်အကများရဲ့ မူကွဲတွေကို စိစစ်ပြီးတော့မှ နိုင်ငံတော်မူအဖြစ်နဲ့ သတ်မှတ်နိုင်ခဲ့ပြီး ဖြစ်ပါတယ်။ အလားတူပဲ ပွဲဦးနတ်ကတော်အက၊ ပွဲဦးအပျိုတော်အကများကိုလည်းပဲ စိစစ်လျက်ရှိပါတယ်။ ပန်းချီ၊ ပန်းပုနှင့်ပတ်သက်ပြီးတော့လည်း ရိုးရာပန်း(၁၀)မျိုး ဖန်တီးမှုပညာရပ်တွေ၊ ဒေသထွက်ပစ္စည်းတွေကို အခြေခံပြီးတော့ ဖန်တီးကြတဲ့ ရိုးရာလက်မှုပညာရပ်တွေအကြောင်းကိုလည်းပဲ ဆက်လက်ပြီးတော့ သုတေသနပြု လေ့လာဖော်ထုတ်လျက်ရှိပါတယ်။ နောက် ပြင်ဆင်ထားရှိမှုအနေနဲ့တော့ အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်း တင်သွင်းနိုင်ဖို့အတွက် ကဏ္ဍကြီး(၅)ခုအနက်က အောက်ပါတို့ကို ကျွန်မတို့ စုဆောင်းထားရှိပြီး ဖြစ်ပါတယ်။ အပိုင်း(က) ဖြစ်တဲ့ ပါးစပ်ရာဇဝင်နှင့် ဖော်ပြချက်များ ဘာသာစကားများ ဥပမာအားဖြင့် ရှမ်းရိုးရာ စကားပုံတွေ ရှိပါမယ်။ ကချင်ရိုးရာပုံပြင်တွေ တိုင်းရင်းသား အသီးသီးတို့ရဲ့ စကားပုံတွေ၊ ပုံပြင်တွေ စသဖြင့် ဒါတွေကိုတော့ ကျွန်မတို့ (၉)ခု ပြုစုထားပြီးဖြစ်ပါတယ်၊ စုဆောင်းထားပြီး ဖြစ်ပါတယ်။

နောက် (ခ)ကတော့ ဖျော်ဖြေမှု အနုပညာကဏ္ဍ ဖြစ်ပါတယ်။ ဒီကဏ္ဍမှာတော့ ဥပမာအားဖြင့် မြန်မာ့ဆိုင်းဝိုင်းတို့၊ ရုပ်သေးတို့၊ အငြိမ့်ပွဲတို့၊ နောက် တိုင်းရင်းသားအသီးသီးတို့၊ ဥပမာ - ‘ဝ’ရိုးရာပွဲတော်တွေနဲ့ အကတွေ၊ တိုင်းရင်းသားအသီးသီးတို့ရဲ့ တူရိယာပစ္စည်းတွေ၊ တေးသံတွေ ဒါတွေအားလုံးပေါင်း(၂၁)ခု ပြုစုထားပြီးဖြစ်ပါတယ်ရှင့်။ နောက် တတိယအပိုင်းကတော့ လူမှုရေး အစဉ်အလာ၊ အလေ့အထတွေနဲ့ ရိုးရာဓလေ့တွေ ဖြစ်ပါတယ်။ ဥပမာအားဖြင့် (၁၂)လရာသီပွဲတော်တွေ ရှိပါတယ်။ နောက် အင်းလေးခြေခတ်တဲ့ လှေလှော်ပွဲတော်မျိုး၊ နောက် ရှင်ပြုနားသ အလှူမင်္ဂလာပွဲမျိုးတွေ ရှိပါတယ်။ နောက် မြန်မာသနပ်ခါး လိမ်းကျံတဲ့ ဓလေ့စရိုက် ရှိပါတယ်။ နောက် အားကစားနည်း

အမျိုးမျိုးနဲ့ အစားအစာအမျိုးမျိုး စသည်ဖြင့် တိုင်းရင်းသားအသီးသီးတို့ရဲ့ အစားအစာတွေ ဒါတွေလည်း ပါ ပါတယ်။ အားလုံးပေါင်း(၁၀၂)ခု ပြုစုထားပြီး ဖြစ်ပါတယ်ရှင့်။

နောက် စတုတ္ထအချက်ကတော့ သဘာဝနဲ့ စကြာဝဠာဆိုင်ရာ ဗဟုသုတနဲ့ ရိုးရာ အစဥ်အလာ အလေ့အထတွေ ဖြစ်ပါတယ်။ အဲဒါကတော့ ရိုးရာအသိပညာဗဟုသုတ ပါ ပါတယ်။ နောက် ဒေသပါရမီရှင် ပညာရှင် တစ်နည်းအားဖြင့် Local Genius တွေ ရှိပါတယ်။ နောက် ရိုးရာဆေးတွေ ရှိပါတယ်။ ဒါကိုတော့ (၃)ခု ဒါကို ပြုစုပြီး ဖြစ်ပါတယ်။ နောက် ရိုးရာလက်မှုပညာရပ်များ ဖြစ်ပါတယ်။ ပဉ္စမအပိုင်းက ရိုးရာလက်မှုပညာရပ်တွေပါ။ ဥပမာအားဖြင့် ရွှေချည်ထိုးလုပ်ငန်းတွေ၊ လွန်းရာကျော်ကြိုးကြီးချိတ်ယက္ကန်းလုပ်ငန်းတွေ၊ ယွန်းထည်လုပ်ငန်းတွေ၊ တိုင်းရင်းသားအသီးသီးတို့ရဲ့ ဂျပ်ခုတ်လုပ်ငန်းတွေ မီးပုံးလုပ်ငန်းတွေ၊ ပျူပုတီးစေ့လုပ်ငန်း စသဖြင့် ဒီလိုမျိုးကဏ္ဍတွေ အားလုံးပေါင်း (၁၁၁)ခုထိ ပြုစုထားပြီး ဖြစ်ပါတယ်။ အခုဆိုရင် ဒီအပိုင်းကြီး(၅)ပိုင်း ကဏ္ဍကြီး(၅)ခုအတွက်ကို စုစုပေါင်း(၂၅၄)ခုအထိ စုဆောင်းထားရှိပြီး ဖြစ်ပါတယ်။ တစ်ဖက်ကလည်း UNESCO ရဲ့ အကူအညီနဲ့ နိုင်ငံတကာ ကျွမ်းကျင်ပညာရှင်များဖြင့် အလုပ်ရုံဆွေးနွေးပွဲကို (၂)ကြိမ်အထိ ကျင်းပဆောင်ရွက်ပြီး ဖြစ်ပါတယ်။

အမျိုးသားဒြပ်မဲ့ ယဥ်ကျေးမှုအမွေအနှစ်တွေကို ယခုထက် ပိုပြီးတော့မှ ကျယ်ကျယ်ပြန့်ပြန့်နဲ့ ပြည့်ပြည့်စုံစုံ ဖော်ထုတ်နိုင်ရေးအတွက်လည်းပဲ ဖော်ပြပါ ခေါင်းစဥ်အမျိုးအစားများမှ စိစစ်ပြီးတော့မှ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများသို့ ဆွေးနွေးပြီး အဖြေထုတ်မှာ ဖြစ်ပါတယ်။ ဆက်လက်ပြီးတော့မှ ကမ္ဘာ့ဒြပ်မဲ့ ယဥ်ကျေးမှု အမွေအနှစ်စာရင်းကို တင်သွင်းနိုင်ဖို့အတွက် UNSECO ကို ဆက်လက်ပေးပို့တင်သွင်းသွားမှာ ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်ရှင့်။ ကျေးဇူးတင်ပါတယ်။

**ဖလမ်းမြို့တွင်းနှင့် လုံပီးစိုက်ပျိုးမွေးမြူရေး သိပ္ပံကျောင်းများကို ရေပေးဝေနိုင်ရေးအတွက် လိုင်ဗားလျှပ်စစ်စက်ရုံမှ ထွက်လာသောရေများကို ပိုက်လုံးများဖြင့် သွယ်တန်းပေးပြီး လျှပ်စစ်အားအသုံးပြု၍ ရေတွန်းစနစ်ဖြင့် ရေပေးဝေနိုင်ခြင်း ရှိ/မရှိ နှင့် စပ်လျဥ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၄၀။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဇုန်လှယ်ထန်း က ဖလမ်းမြို့တွင်းနှင့် လုံပီးစိုက်ပျိုးမွေးမြူရေး သိပ္ပံကျောင်းများကို ရေပေးဝေနိုင်ရေးအတွက် လိုင်ဗားလျှပ်စစ်စက်ရုံမှ ထွက်လာသောရေများကို ပိုက်လုံးများဖြင့် သွယ်တန်းပေးပြီး လျှပ်စစ်အား အသုံးပြု၍ ရေတွန်းစနစ်ဖြင့် ရေပေးဝေနိုင်ခြင်း ရှိ/မရှိ နဲ့ စပ်လျဥ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၄၀။**

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)**။ ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေ့ ကျွန်တော် မေးမြန်းလိုတဲ့ မေးခွန်းကတော့ ဖလမ်းမြို့ကို ရေပေးဝေနေတဲ့ ရေထွက်များက နှစ်စဥ် တဖြည်းဖြည်း ခမ်းခြောက်လာပြီး ဖလမ်းမြို့တွင်း ရေလိုအပ်ချက်များသည် ပိုမိုမြင့်တက်လာပါတယ်။ ပြီးတော့ အခြား ရေထွက်တွေလည်း မရှိတော့ပါ။ အခု အဲဒါအပြင် ဖလမ်းမြို့နားမှာ ဖလမ်းမြို့တွင်း ရပ်ကွက်တစ်ခုဖြစ်တဲ့ လုံပီးမှာ စိုက်ပျိုးမွေးမြူရေးသိပ္ပံကျောင်း

ဖွင့်လှစ်ဖို့ စီစဉ်နေပါတယ်။ အဲဒီအတွက် ရေလိုအပ်ချက်တွေကလည်း မြင့်တက်လာပါတယ်။ လိုင်းဗား ရေလှောင်တမံကတော့ ဖလမ်းမြို့နဲ့ (၁၇)မိုင်လောက်မှာ ရှိပြီးတော့ ပင်လယ်ရေအမြင့် (၇၅၀၀) ဝန်းကျင်မှာ ရှိပါတယ်။ အဲဒီကနေ ပင်လယ်ရေအမြင့် (၆၀၀၀)လောက်မှာ လိုင်းဗားလျှပ်စစ်စက်ရုံ လုပ်ပြီးတော့ အဲဒီကနေ လျှပ်စစ်ကို ထုတ်လုပ်ပါတယ်။ အဲဒီလျှပ်စစ်စက်ရုံကနေ ထွက်တဲ့ ရေတွေက ဆိုရင် အလကားနဲ့ပဲ စီးဆင်းနေပါတယ်။ ဖလမ်းမြို့ကတော့ ပေ(၅၃၀၀)ဝန်းကျင်မှာ ရှိပြီးတော့ အဲဒီ ရေထွက်ကနေ ရေကို လျှပ်စစ်အား အသုံးပြုပြီးတော့ ရေတွန်းတဲ့စနစ်တွေနဲ့ ရေပေးဝေမယ်ဆိုရင် ဖလမ်းမြို့က ရေ လုံလုံလောက်လောက် ရရှိတော့မှာ ဖြစ်ပါတယ်။

အဲဒါကြောင့် ယခုမေးခွန်းကို မေးမြန်းရခြင်း ဖြစ်ပါတယ်။ ဖလမ်းမြို့တွင်းနှင့် လုံပီးစိုက်ပျိုး မွေးမြူရေး သိပ္ပံကျောင်းများကို ရေပေးဝေ နိုင်ရေးအတွက် လိုင်ဗားလျှပ်စစ်စက်ရုံမှ ထွက်လာသော ရေများကို ပိုက်လုံးများဖြင့် သွယ်တန်းပေးပြီး လျှပ်စစ်အားအသုံးပြု၍ ရေတွန်းစနစ်ဖြင့် ရေပေးဝေနိုင် ခြင်း ရှိ/မရှိကို မေးမြန်းပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၄၃။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ပတ်သက်ပြီး လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၄၃။**

**ဦးအောင်သန်းဦး (ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်များ အားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေရန် ဆုမွန်ကောင်းတောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် ကတော့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးအောင်သန်းဦး ဖြစ်ပါတယ်။ ချင်းပြည်နယ် အမှတ်(၂)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဇုန်လှယ်ထန်း ၏ မေးမြန်းတဲ့ မေးခွန်း ပေါ်မှာ ပြန်လည်ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေနဲ့ လိုင်းဗားရေအားလျှပ်စစ်စက်ရုံမှ စက်များ မောင်းနှင်ပြီး ထွက်ရှိလာတဲ့ ရေများကို မြို့တွင်းသို့ ရေပေးဝေရေးအတွက် သွယ်တန်းအသုံးပြုလိုပါက ကန့်ကွက်ရန် မရှိဘဲနဲ့ သုံးစွဲနိုင်ပါကြောင်း၊ ရေတွန်းစက်အတွက် လျှပ်စစ်ဓာတ်အား ရရှိလိုပါကလည်း လုံလောက်စွာ ဓာတ်အား ပေးနိုင်ပါကြောင်း တင်ပြအပ်ပါတယ်။ ဒါကြောင့်မို့လို့ ဖလမ်းမြို့တွင်းနဲ့ လုံပီး စိုက်ပျိုး မွေးမြူရေးသိပ္ပံကျောင်းကို ရေပေးဝေရေးလုပ်ငန်းကတော့ သက်ဆိုင်ရာ စည်ပင်သာယာအဖွဲ့ရဲ့ ဆောင်ရွက်တဲ့ လုပ်ငန်းဖြစ်တဲ့အတွက်ကြောင့်မို့လို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေနဲ့ သက်ဆိုင်ရာ စည်ပင်သာယာအဖွဲ့ကို ကျွန်တော်တို့အနေနဲ့ ရေများ သုံးစွဲအသုံးပြုပြီးတော့မှ ပေးဝေနိုင်ပါကြောင်း၊ အကြောင်းကြားပေးသွားမှာ ဖြစ်ပါကြောင်း တင်ပြဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**တိုင်းဒေသကြီး/ပြည်နယ်စည်ပင်သာယာရေး ဝန်ထမ်းများအား အခြားပြည်ထောင်စုဝန်ကြီးဌာနများကဲ့သို့ ဝန်ကြီးဌာန၊ ဦးစီးဌာန ပြန်လည်ဖွဲ့စည်း ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၄။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောမော်ထွန်းက တိုင်းဒေသကြီး/ပြည်နယ် စည်ပင်သာယာရေး ဝန်ထမ်းများအား အခြား ပြည်ထောင်စုဝန်ကြီးဌာနများကဲ့သို့ ဝန်ကြီးဌာန၊ ဦးစီးဌာန ပြန်လည်ဖွဲ့စည်း ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၄။**

**ဦးစောမော်ထွန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဒုတိယဝန်ကြီး၊ ကော်မရှင်အဖွဲ့ဝင်များ အားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာကြပါစေကြောင်း ဦးစွာ ဆုမွန်ကောင်းများတောင်းရင်း ဂါရဝ ပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစောမော်ထွန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ တိုင်းဒေသကြီး/ပြည်နယ် စည်ပင်သာယာရေးဝန်ထမ်းတွေကို အခြား ပြည်ထောင်စုဝန်ကြီးဌာနများကဲ့သို့ ဝန်ကြီးဌာန၊ ဦးစီးဌာန၊ ပြန်လည်ဖွဲ့စည်းဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမဦးစွာ စည်ပင်သာယာရေးအဖွဲ့တွေရဲ့ သမိုင်းကြောင်းကို အကျဉ်းချုံး ရှင်းလင်းတင်ပြလိုပါတယ်။ ၁၈၇၄ ခုနှစ် မြူနီစပယ်အက်ဥပဒေကို ပြဋ္ဌာန်းပြီးတော့ ရန်ကုန်၊ ဟင်္သာတ၊ မော်လမြိုင်၊ ပုသိမ်၊ ပဲခူး၊ တောင်ငူနဲ့ ပြည် မြို့ကြီး(၇)မြို့မှာ မြူနီစပယ်ကော်မတီများကို စတင်ဖွဲ့စည်းပြီးတော့ (၁၀)နှစ်အကြာ ၁၈၈၄ ခုနှစ်မှာ မြူနီစပယ်အက်ဥပဒေကို ထပ်မံပြဋ္ဌာန်းပြီးတော့ ကျန်မြို့များမှာ မြို့ကော်မတီများ ဖွဲ့စည်းပြီးတော့ အများပြည်သူအတွက် မြို့ပြစည်ပင်သာယာရေးလုပ်ငန်းတွေကို ကြီးကြပ်စီမံခန့်ခွဲ ဆောင်ရွက်ခဲ့ကြပါတယ်။ ၁၈၉၈ ခုနှစ်မှာပိုမိုပြည့်စုံတဲ့ မြူနီစပယ်အက်ဥပဒေ ပြဋ္ဌာန်းပြီးတော့ စည်ပင်ဖွံ့ဖြိုးတဲ့မြို့ကြီးတွေမှာ မြူနီစပယ်ကော်မတီများ ဖွဲ့စည်းပြီးတော့ ကျန်မြို့များမှာတော့ မြို့ကော်မတီများ ဖွဲ့စည်းပြီး စည်ပင်သာယာရေးလုပ်ငန်းတွေကို နိုင်ငံနဲ့အဝန်း ဆောင်ရွက်ခဲ့ကြပါတယ်။ ၁၉၂၁ ခုနှစ်မှာ ကျေးလက်နှင့်ဆိုင်တဲ့ ကိုယ်ပိုင်အုပ်ချုပ်ရေး အက်ဥပဒေ ပြဋ္ဌာန်းပြီးတော့ ခရိုင်အတွင်းမှာရှိတဲ့ ကျေးရွာနယ်မြေများ သတ်မှတ်ပြီးတော့ တိုက်နယ်အဖွဲ့ တည်ထောင်ခြင်း၊ တိုက်နယ်များ စုစည်းပြီးတော့ ခရိုင်ကောင်စီများ ဖွဲ့စည်းပြီးတော့ ခရိုင်အလိုက် ကျေးလက်ဒေသများမှာ စည်ပင်သာယာရေးလုပ်ငန်းတွေကို ဆောင်ရွက်ခဲ့ကြပါတယ်။

၁၉၄၈ ခုနှစ်လွတ်လပ်ရေးရပြီးစကာလမှာတော့ ရန်ကုန်မြို့တော်ကို ရပ်ကွက်(၃၅)ရပ်ကွက် ခွဲခြားသတ်မှတ်ပြီးတော့ တစ်ရပ်ကွက်မှာ မြူနီစပယ်လူကြီး တစ်ဦးကျစီ ရွေးကောက်တင်မြှောက်ခဲ့ပါတယ်။ ဒီရရှိတဲ့ (၃၅)ဦးအပြင် အစိုးရခန့်(၅)ဦးထားပြီးတော့ ကော်မတီဝင်(၄၀)ဦးနဲ့ ရန်ကုန် မြူနီစပယ်ကော်မတီကို ဖွဲ့စည်းခဲ့ပါတယ်။ ကျန်မြို့များမှာ မြူနီစပယ်လူကြီး ရွေးကောက်ပွဲတွေကိုတော့ ၁၉၅၁ ခုနှစ်ကျမှ စတင်ဆောင်ရွက်နိုင်တာ ဖြစ်ပါတယ်။ District Council တွေကို ခရိုင်ဝန်က ဆက်လက်ပြီးတော့ ကြီးကြပ်အုပ်ချုပ်ပါတယ်။ တော်လှန်ရေးကောင်စီဟာ ၁၉၆၃ ခုနှစ် အောက်တိုဘာလ

၁ ရက်ကစပြီးတော့ ဒေသန္တရအဖွဲ့ဝန်ထမ်းအားလုံးရဲ့ ဝန်ထမ်းရေးရာကိစ္စရပ်များကို အစိုးရဝန်ထမ်းများနည်းတူ အကျိုးခံစားခွင့်အတိုင်း ရရှိစေမည် ဟု အမိန့်ထုတ်ပြန်ခဲ့ပါတယ်။ ၁၉၇၂ ခုနှစ် အုပ်ချုပ်ရေးစနစ်သစ် မဖော်ထုတ်မီမှာ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒီမိုကရေစီ ဒေသန္တရအုပ်ချုပ်ရေးနှင့် ဒေသန္တရအဖွဲ့များ ဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဝန်ကြီးဌာန၊ သာသနာရေးဝန်ကြီးဌာန စတဲ့ဝန်ကြီးဌာန(၄)ခုကို ပေါင်းစည်းပြီးတော့ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန အဖြစ် ဖွဲ့စည်းခဲ့ပါတယ်။ အဲဒီနောက် ၁၉၇၂ ခုနှစ် မတ်လ ၁၅ ရက်နေ့ တော်လှန်ရေးကောင်စီဟာ ကြေငြာချက်အမှတ်(၉၇)ကို ထုတ်ပြန်ပြီးတော့ အုပ်ချုပ်ရေးစနစ်သစ် ဖော်ထုတ်ပြီးတော့ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနရဲ့ ၃-၈-၁၉၇၂ အမိန့်အမှတ်(၂၅၈) နဲ့ District Council (၂၉)ဖွဲ့နှင့် ခရိုင်ဝန်အုပ်ချုပ်တဲ့ ဒေသန္တရရန်ပုံငွေအဖွဲ့(၁၀)ဖွဲ့ကို ဖျက်သိမ်းခဲ့ပါတယ်။

မြို့နယ်စည်ပင်သာယာရေး အဖွဲ့တွေကို ထပ်မံဖွဲ့စည်းပါတယ်။ မြူနီစပယ်(၆၇)ဖွဲ့နဲ့ မြို့ကော်မတီ(၄၃)ခုကို သီးခြားရပ်တည်ခဲ့တဲ့အခါမှာ ၁၉၇၄ ခုနှစ် မြို့ပြမှာရှိတဲ့ မြူနီစပယ်၊ မြို့ကော်မတီနှင့် ကျေးလက်ရှိ စည်ပင်သာယာရေးအဖွဲ့များကို ပေါင်းစပ်ပြီး မြို့နယ်အလိုက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ ဖွဲ့စည်းခဲ့ပါတယ်။ ၁၉၈၄ ခုနှစ်မှာ နိုင်ငံတော်ကောင်စီလက်ထက် စည်ပင်သာယာရေး ဥပဒေကို ပြဋ္ဌာန်းခဲ့ပါတယ်။ ယင်းဥပဒေပုဒ်မ ၃ အရ မည်သည့်စည်ပင် သာယာရေးအဖွဲ့မဆို ကော်မတီသီးခြား ဖွဲ့စည်းသတ်မှတ်နိုင်ကြောင်း ပြဋ္ဌာန်းပြီးတော့ ၁၉၈၅ ခုနှစ် မှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပေါ်ပေါက်လာခဲ့ပါတယ်။ ကျန်စည်ပင်သာယာရေး အဖွဲ့များအားလုံး ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လက်အောက်မှာပဲ ရှိခဲ့ပါတယ်။

၁၉၉၃ ခုနှစ်မှာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ်(၅)နဲ့ စည်ပင်သာယာရေးအဖွဲ့များ ဥပဒေကို ပြဋ္ဌာန်းပြီးတော့ မြူနီစပယ်အက်ဥပဒေနှင့် ကျေးလက်ကိုယ်ပိုင်အုပ်ချုပ်ရေး အက်ဥပဒေ အပါအဝင် ဥပဒေ(၁၀)ခုကို ဖျက်သိမ်းခဲ့ပါတယ်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ရဲ့ ၁၉၉၄ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်နေ့မှာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန အဖြစ် ပြင်ဆင်ဖွဲ့စည်းပြီး အဲဒီဝန်ကြီးဌာနရဲ့ အောက်မှာ စည်ပင်သာယာရေးဦးစီးဌာနကို ၁၉၉၄ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်နေ့မှာ ဖွဲ့စည်းခဲ့ပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ရုံးချုပ်) ကနေ တာဝန်ယူဆောင်ရွက်တဲ့ စည်ပင်သာယာရေးဆိုင်ရာ လုပ်ငန်းတာဝန်များကို စည်ပင်သာယာရေးအဖွဲ့(၂၈၄)ဖွဲ့နဲ့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးက လွှဲပြောင်းလက်ခံ ဆောင်ရွက်ခဲ့ပါတယ်။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့တွေကို အနီးကပ်ကြီးကြပ်နိုင်ဖို့ ပြည်နယ်နှင့် တိုင်း စည်ပင်သာယာရေးအဖွဲ့(၁၇)အဖွဲ့ကိုတော့ ၂၀-၂-၁၉၉၆ နေ့မှစတင်ပြီးတော့ ဖွဲ့စည်းဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။

စည်ပင်သာယာရေးအဖွဲ့များ၏ ဝန်ထမ်းဖွဲ့စည်းပုံအဆင့်ဆင့် ပြောင်းလဲပုံကိုလည်း တင်ပြလိုပါတယ်။ စည်ပင်သာယာရေးဦးစီးဌာန (ရုံးချုပ်) မှာ အရာထမ်း၊ အမှုထမ်း (၂၂၅)ဦးနဲ့ ဆောင်ရွက်ပြီးတော့ လုပ်ငန်းတွေ ကြန့်ကြာမှုမရှိစေဖို့အတွက် ဌာနကြီး(၅)ခု၊ ဌာနခွဲ(၁၁)ခု၊ အရာထမ်း(၈၆)ဦး၊ အမှုထမ်း(၄၄၃)ဦး၊ စုစုပေါင်း(၅၂၉)ဦးနဲ့ ဖွဲ့စည်းဆောင်ရွက်ခဲ့ပါတယ်။ ထို့နောက် အထက်မြန်မာနိုင်ငံနှင့် အောက်မြန်မာနိုင်ငံဟူ၍ ပိုင်းခြားပြီး အရာထမ်း(၂၂၆)ဦး၊ အမှုထမ်း(၅၆၉)ဦး၊ စုစုပေါင်း

(၇၉၅)ဦးနဲ့ ပြင်ဆင်တိုးချဲ့ဖွဲ့စည်းခဲ့ပါတယ်။ ပြည်နယ်/တိုင်း စည်ပင်သာယာရေးအဖွဲ့(၁)ဖွဲ့မှာ အရာထမ်း(၁၃)ဦး၊ အမှုထမ်း(၄၇)ဦး၊ စုစုပေါင်း(၆၀)ဦးနဲ့ ဖွဲ့စည်းပြီးတော့ ပြည်နယ်/တိုင်း စည်ပင်သာရေးအဖွဲ့(၁၇)ဖွဲ့မှာ အရာထမ်း(၁၈၂)ဦး၊ အမှုထမ်း(၆၅၈)ဦး၊ ပေါင်း(၈၄၀)ဦးနဲ့ ဖွဲ့စည်းထားပါတယ်။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ ဝင်ငွေအပေါ်မှာ မူတည်ပြီး ဖွဲ့စည်းပုံအဆင့်(၁၂)မှ (၇)အဆင့်သို့ ၂၀၁၂ ခုနှစ် မတ်လ ၂၆ ရက်နေ့မှာ ပြင်ဆင်ဖွဲ့စည်းခဲ့ပါတယ်။

နိုင်ငံတော်အစိုးရလက်ထက် ၂၀၁၂ ခုနှစ် မတ်လ ၃၁ ရက်နေ့မှာတော့ မူလစည်ပင်သာယာရေးဦးစီးဌာနကို ဖျက်သိမ်းပြီးတော့ နယ်စပ်ရေးရာဝန်ကြီးဌာန ကွပ်ကဲမှုအောက်မှာရှိတဲ့ စည်ပင်သာယာရေးဦးစီးဌာနကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအဖြစ် ၇-၆-၂၀၁၂ ရက်နေ့မှာ ပြင်ဆင်ဖွဲ့စည်း ဆောင်ရွက်ခဲ့ပါတယ်။ စည်ပင်သာယာရေးအဖွဲ့ကိုတော့ ၎င်းဦးစီးဌာနအောက်မှာ ထားရှိခြင်း မပြုတော့ဘဲနဲ့ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအသီးသီးအောက်သို့ လွှဲပြောင်းပေးခဲ့ပါတယ်။ တိုင်းဒေသကြီးနှင့် ပြည်နယ်စည်ပင်သာယာရေးဝန်ကြီးဌာနအသီးသီးရဲ့ လက်အောက်မှာ တိုင်းဒေသကြီးနှင့် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ အရာထမ်း၊ အမှုထမ်း အင်အား(၁၅၀၀၀)ကျော် ရှိသော်လည်း စည်ပင်သာယာရေး ဝန်ထမ်းအဖွဲ့အစည်းများအနေနဲ့ ညွှန်ကြားရေးမှူးအဆင့်အထိသာ အမြင့်ဆုံးဖြစ်ပြီးတော့ BE/ ME/ Ph.D ဘွဲ့ရတဲ့ အင်ဂျင်နီယာဝန်ထမ်းများအနေနဲ့လည်း အမြင့်ဆုံးရာထူးကတော့ ဒုတိယအင်ဂျင်နီယာမှူးကြီး ခေါ်တဲ့ ဒု/ညွှန်မှူးအဆင့်သာ သတ်မှတ်ထားပါတယ်။ ပဲခူးတိုင်းဒေသကြီးလိုပဲ အခြားတိုင်းဒေသကြီးနဲ့ ပြည်နယ်များမှာရှိတဲ့ စည်ပင်သာယာရေးအဖွဲ့များ အရာထမ်း ခွင့်ပြုနဲ့ ခန့်ထားအချိုးဟာ ပြည့်နေတဲ့အတွက် အမှုထမ်းများအနေဖြင့်လည်း အရာရှိဖြစ်ဖို့ ခက်ခဲကြန့်ကြာနိုင်ပြီးတော့ အရာထမ်းတွေအနေနဲ့ကလည်း တစ်ဆင့်မြင့်ရာထူးကို တိုးမြှင့်ဖို့ ကြန့်ကြာနိုင်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

ယခင် အခြေအနေအရ ဝန်ထမ်းဖွဲ့စည်းပုံ ဒုတိယညွှန်ကြားရေးမှူး (၅၈)ဦးဟာ ဦးစီးဌာနအပါအဝင် တိုင်းဒေသကြီး/ပြည်နယ် ညွှန်ကြားရေးမှူး(၁၇)ဦး၊ စုစုပေါင်း(၂၃)ဦးနေရာကို တက်လှမ်းရန်အခွင့်အရေးရှိပါတယ်။ ဒီလိုပဲ အင်ဂျင်နီယာမှူး(၇၂)ဦးဟာလည်း ဒုတိယအင်ဂျင်နီယာမှူး(၂၇)ဦးနေရာကို တက်လှမ်းဖို့ အခွင့်အရေးရှိပါတယ်။ ညွှန်ကြားရေးမှူး(၂၃)ဦးဟာ ဒုတိယညွှန်ကြားရေးမှူးချုပ်(၂)ဦးနေရာကို မျှော်မှန်းကြိုးပမ်းပြီးတော့ ဆောင်ရွက်နိုင်သလို ဒုတိယအင်ဂျင်နီယာမှူးကြီး(၂၇)ဦးကလည်း အင်ဂျင်နီယာညွှန်ကြားရေးမှူး(၅)ဦး၊ ဒုတိယအင်ဂျင်နီယာချုပ်(၁)ဦးနေရာကို အသီးသီးမျှော်မှန်းကြိုးပမ်းဆောင်ရွက်ခွင့်ရှိမှာဖြစ်ပေမယ့်လည်း ယခုအခါမှာ ဖော်ပြတဲ့ အဆင့်မြင့်ရာထူးများကို တိုးမြှင့်ခံစားခွင့် မရရှိနိုင်တဲ့ အခြေအနေမျိုးနဲ့ တွေ့ကြုံနေရပြီးတော့ နိုင်ငံ့ဝန်ထမ်းများ ဖြစ်ပေမယ့်လည်း အခြားဝန်ကြီးဌာနတွေလို ရာထူးတိုးမြှင့်ခြင်း၊ ပြောင်းရွှေ့ခြင်း၊ နိုင်ငံခြားကို ပညာတော်သင်စေလွှတ်ခြင်း မရှိတော့သည့်အတွက် ဝန်ထမ်းတွေအတွက် အခွင့်အရေးများ ဆုံးရှုံးလျက်ရှိကြောင်း လေ့လာတွေ့ရှိရပါတယ်။ စည်ပင်သာယာရေး အဖွဲ့အစည်းတွေဟာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ မြို့နှင့် ကျေးရွာများစနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေး၊ သန့်ရှင်းသာယာလှပရေး၊ လူနေမှုဘဝမြှင့်တင်ရေးတို့အတွက် အဓိကကျတဲ့ တာဝန်တွေကို ထမ်းဆောင်နေရတဲ့အတွက် စနစ်တကျ ဖွဲ့စည်းထားတဲ့အဖွဲ့အစည်းဖြစ်ဖို့ အရေးကြီးမှာဖြစ်ကြောင်း တင်ပြလိုပါတယ်။

သို့ဖြစ်ပါတဲ့အတွက် တိုင်းဒေသကြီး/ပြည်နယ် စည်ပင်သာယာရေးဝန်ထမ်းတွေကို အခြားဝန်ထမ်းများကဲ့သို့ ဦးစီးဌာန ပြန်လည်ထားရှိပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုတဲ့အတွက် ဥက္ကဋ္ဌကြီးမှတစ်ဆင့် အများပြည်သူကိုယ်စား မေးမြန်းအပ်ပါတယ်။ အကယ်၍ စည်ပင်သာယာရေးဦးစီးဌာနမှ ပြန်လည်ဖွဲ့စည်းဆောင်ရွက်ပေးနိုင်ခြင်း မရှိပါကလည်း တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးကို ရန်ကုန်၊ မန္တလေး၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီတွေကဲ့သို့ သင့်လျော်သော ဝန်ထမ်းဖွဲ့စည်းပုံများ တစ်ပြေးညီ ရေးဆွဲသတ်မှတ်ပေးနိုင်ခြင်း ရှိ/မရှိ ကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဝန်ထမ်းများကိုယ်စား၊ အများပြည်သူများကိုယ်စား မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၅၄။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ပတ်သက်ပြီး နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၅၄။**

**ဗိုလ်ချုပ်တင်အောင်ချစ် (ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့လွှတ်တော် ကိုယ်စားလှယ်ကြီးများ အားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံပါစေကြောင်း ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်တင်အောင်ချစ်ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး အမှတ်(၁)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောမော်ထွန်း ၏ တိုင်းဒေသကြီး/ပြည်နယ် စည်ပင်သာယာရေးဝန်ထမ်းများအား အခြားပြည်ထောင်စုဝန်ကြီးဌာနများကဲ့သို့ ဝန်ကြီးဌာန၊ ဦးစီးဌာန ပြန်လည်ဖွဲ့စည်းဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို ရှင်းလင်းဖြေကြားမှာ ဖြစ်ပါတယ်။

ယခင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ကွပ်ကဲမှုအောက်တွင် စည်ပင်သာယာရေးဦးစီးဌာနကို ဖွဲ့စည်းထားရှိခဲ့ပြီး ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် နေပြည်တော်မှအပ ကျန်မြို့/ရွာများ အားလုံး သာယာလှပ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သော်လည်း ပြည်ထောင်စုအစိုးရလက်ထက်တွင် နယ်စပ်ရေးရာဝန်ကြီးဌာန လက်အောက်ရှိ စည်ပင်သာယာရေးဦးစီးဌာနကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၁-၃-၂၀၁၂ ရက်စွဲပါစာအမှတ်၊ ၁၂/၂၀၁၃-လုပ်ငန်း/အဖရ(၂၀၁၂) ဖြင့် လမ်းညွှန်ချက်အရ ၃၁-၃-၂၀၁၂ ရက်နေ့တွင် ဖျက်သိမ်းခဲ့ပြီး တိုင်းဒေသကြီး/ပြည်နယ် စည်ပင်သာယာရေးအဖွဲ့၏ လုပ်ငန်းတာဝန်များကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပုဒ်မ ၁၈၈၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေပြုစာရင်းဇယား(၂)တွင် ပြဋ္ဌာန်းထားသည့်နှင့်အညီ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့ အသီးသီးသို့ စနစ်တကျ လွှဲပြောင်းပေးအပ်ခဲ့ပြီး ဖြစ်ပါတယ်။

အဆိုပါ ပြဋ္ဌာန်းချက်အရ တိုင်းဒေသကြီးနှင့် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များသည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့၏ ကွပ်ကဲမှုဖြင့် ဆောင်ရွက်ရန်ဖြစ်သဖြင့် စည်ပင်သာယာရေးလုပ်ငန်းများကို

တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့၏ ကွပ်ကဲမှုဖြင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါတယ်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ဇယား(၂) အပိုဒ်(၈)(က) ပြဋ္ဌာန်းချက်၊ ဇယား(၅) အပိုဒ်(၁၇) ပြဋ္ဌာန်းချက်များအရ ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့ ကွပ်ကဲမှုအောက်ရှိ စည်ပင်သာယာရေးအဖွဲ့များ၏ ဘဏ္ဍာရေးဆိုင်ရာ အရအသုံးခန့်မှန်းခြေ ငွေစာရင်းများအားလည်း သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့များမှ ကွပ်ကဲဆောင်ရွက်လျက်ရှိရာ စည်ပင်သာယာရေးလုပ်ငန်းများမှာ အဆင်ပြေချောမွေ့လျက်ရှိပါတယ်။

ထို့အတူ လွှတ်တော်ကိုယ်စားလှယ်များ၏ မေးမြန်းချက်အရ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များသို့ သဘောထားတောင်းခံခဲ့ရာတွင်လည်း စည်ပင်သာယာရေးအဖွဲ့သည် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၏ တိုက်ရိုက်ကွပ်ကဲမှုအောက်တွင်သာ ထားရှိသင့်ပါကြောင်းနှင့် လက်ရှိဖွဲ့စည်းပုံနှင့် လုပ်ငန်းများအဆင်ပြေစွာ ဆောင်ရွက်နိုင်လျက်ရှိပါကြောင်း တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များမှ သဘောထားပြန်ကြားလာပါသည်။

သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်မေးမြန်းခဲ့သော တိုင်းဒေသကြီး/ပြည်နယ်စည်ပင်သာယာရေး ဝန်ထမ်းများအား အခြားပြည်ထောင်စုဝန်ကြီးဌာနများကဲ့သို့ ဝန်ကြီးဌာန၊ ဦးစီးဌာန အသစ် ပြန်လည်ဖွဲ့စည်းပေးရေးနှင့် စပ်လျဉ်း၍ လတ်တလောဆောင်ရွက်ပေးရန် အစီအစဉ် မရှိသေးပါကြောင်းနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့အသီးသီး၏ ပြန်ကြားချက်များအရ စည်ပင်သာယာရေးလုပ်ငန်းများကိုလည်း ယခုလက်ရှိ ဖွဲ့စည်းပုံနှင့် အဆင်ပြေစွာဆောင်ရွက်နိုင်လျက်ရှိပါသဖြင့် ရန်ကုန်၊ မန္တလေး၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီများကဲ့သို့ သင့်လျော်သည့် ဝန်ထမ်းဖွဲ့စည်းပုံများ တစ်ပြေးညီ ရေးဆွဲသတ်မှတ်ပေးနိုင်ရန် အစီအစဉ်မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၀၀။**

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[အစည်းအဝေးကို ၁၁း၀၀ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၁၅ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁း၁၅။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံး ထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က ဥပဒေဘာသာပြန်ကော်မရှင် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြား တင်သွင်းခြင်း**

**အချိန်၊ ၁၁း၁၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေဘာသာပြန်ကော်မရှင် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာကို ကော်မတီက ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၁၈။**

**ဦးမိုးမြင့် (ကော်မတီဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမိုးမြင့် ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီဥက္ကဋ္ဌ၏ တာဝန်ပေးချက်အရ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏

ဥပဒေဘာသာပြန် ကော်မရှင်ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာ

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁ / ၂၀၁၄ - ၄၅၂
ရက်စွဲ၊ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်

၁။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမောင် က ၂၂-၉-၂၀၁၄ ရက်နေ့တွင် ဥပဒေဘာသာပြန် ကော်မရှင်ဥပဒေကြမ်းကို အမျိုးသား လွှတ်တော်သို့ တင်သွင်းခဲ့ပါသည်။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ တာဝန်ပေးချက်အရ အမျိုးသား လွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ဤဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အစည်းအဝေး ကျင်းပပြုလုပ် ခဲ့ပါသည်။

လေ့လာတွေ့ရှိချက်

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ဥပဒေဘာသာပြန်ကော်မရှင် ဥပဒေကြမ်း ကို လေ့လာစိစစ်ရာတွင် အောက်ပါအတိုင်း တွေ့ရှိရပါသည် -

(က) ဤဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ၏ တာဝန်ပေးချက်အရ အမျိုးသား လွှတ်တော်နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်အဖွဲ့ဝင် ပညာရှင်များ နှင့် ဥပဒေကြမ်းကော်မတီတို့ ညှိနှိုင်းရေးဆွဲ၍ လွှတ်တော်သို့ တင်သွင်းခဲ့ခြင်း ဖြစ်ပါသည်။

(ခ) မူလဥပဒေကြမ်း အပိုဒ် ၇ တွင် ပါရှိသော နိုင်ငံတော်သမ္မတသည် ကော်မရှင် အဖွဲ့ဝင် များအတွက် ချီးမြှင့်ငွေနှင့် စရိတ်များကို သတ်မှတ်ပေးရမည် ဆိုသည့် စကားရပ်ကို ကော်မရှင်အဖွဲ့ဝင်များအတွက် ချီးမြှင့်ငွေနှင့်စရိတ်များကို တိကျစွာ သတ်မှတ်ပေး

နိုင်ရေးအတွက် နိုင်ငံတော်သမ္မတသည် ပြည်သူ့ဝန်ထမ်းမဟုတ်သူ ကော်မရှင်အဖွဲ့ဝင်များအတွက် ချီးမြှင့်ငွေနှင့် စရိတ်များကို သတ်မှတ်ပေးရမည် ဆိုသည့် စကားရပ်ဖြင့် အစားထိုးသင့်ကြောင်း၊ အပိုဒ် ၉(က)တွင် ဖော်ပြထားသော နိုင်ငံတော်သမ္မတက တိုးမြှင့်သတ်မှတ်ထားသည့် ကာလအတွင်း မြန်မာဘာသာသို့ အပြီးပြန်ဆိုခြင်း ဆိုသည့်စကားရပ်တွင် တိုးမြှင့်ဆိုသည့် စကားရပ်ကို မလိုအပ်၍ ပယ်ဖျက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဂ) ဥပဒေကြမ်းအပိုဒ် ၉(ခ)တွင် ဖော်ပြထားသည့် ဘာသာပြန်ဆိုရမည့် ဥပဒေကို အကောင်အထည်ဖော်သည့် သက်ဆိုင်ရာ ဝန်ကြီးဌာန၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ ကျွမ်းကျင်သူများ၊ ဘာသာရပ်ဆိုင်ရာ အခြားကျွမ်းကျင်သူများအား ဘာသာပြန်ဆိုခြင်းနှင့်စပ်လျဉ်း၍ ခေါ်ယူညှိနှိုင်းဆွေးနွေးခြင်း ဆိုသည့်စကားရပ်ကို ဥပဒေကို စီမံခန့်ခွဲ အကောင်အထည်ဖော် ဆောင်ရွက်သည့် ဝန်ကြီးဌာနသာမက အခြား ဆက်စပ်ဝန်ကြီးဌာနများနှင့်ပါ ညှိနှိုင်းဆောင်ရွက်နိုင်ရန်အတွက် ဘာသာပြန်ဆိုမည့် ဥပဒေကို သက်ဆိုင်ရာဝန်ကြီးဌာန၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ ကျွမ်းကျင်သူများ၊ ဘာသာရပ်ဆိုင်ရာ အခြားကျွမ်းကျင်သူများကို ဘာသာပြန်ဆိုခြင်းနှင့် စပ်လျဉ်း၍ ခေါ်ယူညှိနှိုင်းဆွေးနွေးခြင်း ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၉(ဂ)တွင် ဖော်ပြထားသည့် ကော်မရှင်က လိုအပ်သည် ဟု ယူဆပါက ဘာသာပြန်ဆိုရမည့် အချို့ကိစ္စများကို ပုဂ္ဂလိက ကျွမ်းကျင်သူများ၏ အကူအညီရယူ ဆောင်ရွက်ခြင်း ဆိုသည့် စကားရပ်ကို မြန်မာစာအထားအသို မှန်ကန်စေရန်အတွက် ဘာသာပြန်ဆိုရမည့် အချို့ကိစ္စများကို လိုအပ်ပါက ပုဂ္ဂလိက ကျွမ်းကျင်သူများ၏ အကူအညီရယူဆောင်ရွက်ခြင်း ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၁၀ တွင် ဖော်ပြထားသော ကော်မရှင်က သင့်လျော်သည်ဟု ယူဆလျှင် မြန်မာဘာသာ ပြန်ဆိုထားသည့် ဥပဒေသည် မူစစ်မူမှန်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာနိုင်သည် ဆိုသည့်စကားရပ်ကို ပိုမိုတိကျမှုရှိစေရန်အတွက် ကော်မရှင်က အတည်ပြုသည့် မြန်မာဘာသာ ပြန်ဆိုထားသော ဥပဒေသည် ဘာသာပြန် မူစစ်မူမှန်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာနိုင်သည် ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း အသီးသီး အစားထိုးပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဃ) ပြည်ထောင်စုရှေ့နေချုပ်ရုံးသည် ချီးမြှင့်ငွေနှင့် စရိတ်များကိုကျခံရာတွင် မိမိဘဏ္ဍာရန်ပုံငွေမှ သုံးစွဲကျခံနိုင်ရန်အတွက် မူလဥပဒေကြမ်း အပိုဒ် ၁၂(ခ)၊ (ဂ)နှင့် (ဃ) တို့တွင် မိမိဘဏ္ဍာရန်ပုံငွေမှ ဆိုသည့် စကားရပ်ကို ဖြည့်စွက်သင့်ကြောင်း၊ အပိုဒ် ၁၃ တွင် ဖော်ပြထားသော ကော်မရှင်အဖွဲ့ဝင်များသည် ဆိုသည့်စကားရပ်ကို ပိုမိုပြည့်စုံမှု ရှိစေရန်အတွက်ပြည်သူ့ဝန်ထမ်းမဟုတ်သော ကော်မရှင်အဖွဲ့ဝင်များသည် ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၁၄ တွင် ဖော်ပြထားသော အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းသော ဥပဒေများကို မြန်မာဘာသာသို့ ကော်မရှင်က ပြန်ဆိုချက်များသည် ဆိုသည့် စကားရပ်ကို ဥပဒေရေးထုံးနှင့် ညီညွတ်မှုရှိစေရန်အတွက်

အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားသော တည်ဆဲဥပဒေများကို ကော်မရှင်က မြန်မာဘာသာသို့ ပြန်ဆိုချက်များသည် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အသီးသီး အစားထိုး ပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(င) ထို့အပြင် မြန်မာစာစာလုံးပေါင်းသတ်ပုံ မှန်ကန်မှုရှိစေရန် ပြင်ဆင်သင့်သည်များကို လည်း ပြင်ဆင်အစားထိုးပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

ကော်မတီ၏သဘောထားမှတ်ချက်

၃။ သို့ဖြစ်ပါ၍ ဥပဒေဘာသာပြန်ကော်မရှင် ဥပဒေကြမ်းအပေါ် အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်များကို အမျိုးသားလွှတ်တော်က အတည်ပြု ဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဥပဒေဘာသာပြန်ကော်မရှင် ဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၂၃။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေဘာသာပြန်ကော်မရှင် ဥပဒေကြမ်းအားဆွေးနွေးရန် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ဥပဒေဘာသာပြန်ကော်မရှင် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားတဲ့အတိုင်း တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အပိုဒ် ၇

နိုင်ငံတော်သမ္မတသည် ပြည်သူ့ဝန်ထမ်းမဟုတ်သူ ကော်မရှင်အဖွဲ့ဝင်များအတွက် ချီးမြှင့်ငွေနှင့် စရိတ်များကို သတ်မှတ်ပေးရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၇ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၇ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အပိုဒ် ၉(က)(ခ)(ဂ)(ဃ)

၉။ ကော်မရှင်၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားသော တည်ဆဲဥပဒေများကို နိုင်ငံတော်သမ္မတက သတ်မှတ်သည့် ကာလအတွင်း မြန်မာဘာသာသို့ အပြီး ပြန်ဆိုခြင်း၊

(ခ) ဘာသာပြန်ဆိုမည့် ဥပဒေကို သက်ဆိုင်ရာ ဝန်ကြီးဌာန၊ အစိုးရဌာန၊ အစိုးရ အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ ကျွမ်းကျင်သူများ၊ ဘာသာရပ်ဆိုင်ရာ အခြားကျွမ်းကျင်သူများကို ဘာသာပြန်ဆိုခြင်းနှင့်စပ်လျဉ်း၍ ခေါ်ယူညှိနှိုင်း ဆွေးနွေးခြင်း၊

(ဂ) ဘာသာပြန်ဆိုရမည့် အချို့ကိစ္စများကို လိုအပ်ပါက ပုဂ္ဂလိက ကျွမ်းကျင်သူများ၏ အကူအညီ ရယူဆောင်ရွက်ခြင်း၊

(ဃ) ဘာသာပြန်ဆိုမည့် ဥပဒေတွင် ပြင်ဆင်ချက်များရှိခဲ့ပါက ယင်းပြင်ဆင်ချက်များ ပြည့်စုံစွာ ပါရှိစေရေးအတွက် ဆောင်ရွက်ပေးရန် သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့ကို ပူးပေါင်းဆောင်ရွက်စေခြင်း ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၉(က)(ခ)(ဂ)(ဃ)ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၉(က)(ခ)(ဂ)(ဃ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အပိုဒ် ၁၀၊ အပိုဒ် ၁၁

၁၀။ ကော်မရှင်က အတည်ပြုသည့် မြန်မာဘာသာ ပြန်ဆိုထားသော ဥပဒေသည် ဘာသာပြန်မူစစ်မူမှန်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာနိုင်သည်။

၁၁။ ကော်မရှင်က သင့်လျော်သည်ဟု ယူဆလျှင် ထုးခြားသော အင်္ဂလိပ်ဝေါဟာရနှင့် ယှဉ်တွဲဖော်ပြထားသည့် မြန်မာဘာသာ ဝေါဟာရသည် အဓိပ္ပာယ်တူညီသည်ဟု ထုတ်ပြန်ကြေညာနိုင်သည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၀၊ အပိုဒ် ၁၁ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၀၊ အပိုဒ် ၁၁ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အပိုဒ် ၁၂(ခ)(ဂ)(ဃ)

၁၂။ ပြည်ထောင်စုရှေ့နေချုပ်ရုံးသည် -

(ခ) ကော်မရှင်အဖွဲ့ဝင်များအတွက် သတ်မှတ်ထားသည့် ချီးမြှင့်ငွေနှင့် စရိတ်များကို မိမိဘဏ္ဍာရန်ပုံငွေမှ ကျခံရမည်။

(ဂ) ပုဂ္ဂလိက ကျွမ်းကျင်သူများ၏ အကူအညီရယူခြင်းအတွက် ကုန်ကျစရိတ်များကို မိမိဘဏ္ဍာရန်ပုံငွေမှ ကျခံရမည်။

(ဃ) ဥပဒေဘာသာပြန်ခြင်းဆိုင်ရာ အခြားကုန်ကျစရိတ်များကို မိမိဘဏ္ဍာရန်ပုံငွေမှ ကျခံရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၂(ခ)(ဂ)(ဃ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၂(ခ)(ဂ)(ဃ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အပိုဒ် ၁၃

ပြည်သူ့ဝန်ထမ်းမဟုတ်သော ကော်မရှင်အဖွဲ့ဝင်များသည် ဤဥပဒေပါ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်နေစဉ် ကာလအတွင်း ရာဇသတ်ကြီး ပုဒ်မ ၂၁ အရ ပြည်သူ့ဝန်ထမ်းဟု မှတ်ယူရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၃ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၃ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အပိုဒ် ၁၄

အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားသော တည်ဆဲဥပဒေများကို ကော်မရှင်က မြန်မာဘာသာသို့ ပြန်ဆိုချက်များသည် နိုင်ငံတော်၏ တရားဝင်ဘာသာပြန်ဆိုချက်များ ဖြစ်သည်ဟု မှတ်ယူရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၄ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၄ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အတည်ပြုချက် -

မူလဥပဒေကြမ်း၏ခေါင်းစဉ်၊ အခန်း(၁)၊ အပိုဒ် ၁၊ အပိုဒ် ၂၊ အခန်း(၂)၊ အပိုဒ် ၃၊ အခန်း(၃)၊ အပိုဒ် ၄၊ အပိုဒ် ၅၊ အပိုဒ် ၆၊ အပိုဒ် ၈၊ အခန်း(၄)၊ အပိုဒ် ၉(င)(စ)(ဆ)(ဇ)(ဈ)၊ အခန်း(၆)၊ အပိုဒ် ၁၂(က)၊ အပိုဒ် ၁၅ တို့ကို မူလအဆိုပြုချက်အတိုင်း အတည်ပြုရန် ဥပဒေကြမ်းကော်မတီက တင်ပြထား ပါတယ်။

ဒီ အတည်ပြုချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည် ဖြစ်သည်။ (သြဘာသံများ)

ယခုအဆိုမှာ ဤဥပဒေကြမ်း အပိုဒ် ၁ မှ ၁၅ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် အပိုဒ် ၁ မှ ၁၅ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

ယခုအဆိုမှာ ဤဥပဒေကြမ်း အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် ဤဥပဒေကြမ်းအမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဦးဝင်းမောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)က ဥပဒေဘာသာပြန်ကော်မရှင် ဥပဒေကြမ်းကို အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော် ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၁း၄၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၈၊ နည်းဥပဒေခွဲ(ခ)အရ ဥပဒေဘာသာပြန်ကော်မရှင် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က အတည်ပြုပေးဖို့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဝင်းမောင် က အဆို တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၄၂။**

**ဦးဝင်းမောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးဝင်းမောင် ပဲ ဖြစ်ပါတယ်ခင်ဗျား။ ဥပဒေဘာသာပြန်ကော်မရှင် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် က အတည်ပြုပေးပါရန် အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၄၃။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁း၄၃။**

**ဦးတင်မြ၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်တဲ့ အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ တက်ရောက်လာကြတဲ့ ကော်မရှင်အဖွဲ့ဝင် ပညာရှင်ကြီးများ အားလုံး မင်္ဂလာပါလို့ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်မြ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမောင် တင်သွင်းသွားတဲ့ ဥပဒေဘာသာပြန်ကော်မရှင် ဥပဒေကြမ်းကို အတည်ပြုရန် တင်သွင်းတဲ့ အဆိုကို ထောက်ခံအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဥပဒေဘာသာပြန်ကော်မရှင် ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၁း၄၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအဆိုမှာ ဥပဒေဘာသာပြန်ကော်မရှင် ဥပဒေကြမ်းအား ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် ဖြစ်ပါတယ်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် ဥပဒေဘာသာပြန်ကော်မရှင် ဥပဒေကြမ်းသည် ပြင်ဆင်ထားသည့်အတိုင်း အတည်ဖြစ်သည်။ (သြဘာသံများ)

**အချိန်၊ ၁၁း၄၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယနေ့မနက်က ထိုင်းနိုင်ငံ (တောင်ပိုင်း)မှာ ဖြစ်ပွားတဲ့ အမှုကိစ္စနဲ့ ပတ်သက်ပြီးတော့ အမျိုးသားလွှတ်တော် နိုင်ငံရေး၊ စီးပွားရေး ဥပဒေရေးရာကော်မရှင်က ဥပဒေပညာရှင်များ၊ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ၊ လွှတ်တော်အုပ်ချုပ်မှုနဲ့ လွှတ်တော်ရေးရာကော်မတီများ၊ ကော်မတီဥက္ကဋ္ဌ တို့နဲ့ ဆွေးနွေးတိုင်ပင်တဲ့ အခါမှာ ဒီကိစ္စနဲ့ပတ်သက်လို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌအနေနဲ့ ထိုင်းနိုင်ငံမှာရှိတဲ့ ဥက္ကဋ္ဌ၊ အမျိုးသား ဥပဒေပြုညီလာခံကို သဝဏ်လွှာ ပေးပို့သင့်တယ်လို့ ဒီလိုဆုံးဖြတ်ခဲ့ပါတယ်။ ဒီသဝဏ်လွှာနဲ့ ပတ်သက်ပြီးတော့ ကျွန်တော့်အနေနဲ့ လက်မှတ်ရေးထိုးပြီးပါပြီ။ ဒါကို ဖတ်ကြားပြပါ့မယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားလွှတ်တော်
နေပြည်တော်

စာအမှတ်၊ ၁၀၀/အမလ/၁-၇(သဝဏ်လွှာ)/၂၀၁၄
ရက်စွဲ၊ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်

သို့

ဥက္ကဋ္ဌ
အမျိုးသားဥပဒေပြုညီလာခံ
ထိုင်းနိုင်ငံ

အကြောင်းအရာ။ သဝဏ်လွှာပေးပို့ခြင်း။

၁။ ထိုင်းနိုင်ငံတောင်ပိုင်း စူရတ်ဌာနီခရိုင်၊ Koh Tao ကျွန်းပေါ်တွင် စက်တင်ဘာ ၁၄ ရက်က ဖြစ်ပွားခဲ့သော ဗြိတိန်နိုင်ငံသား ကမ္ဘာလှည့်ခရီးသွား(၂)ဦး အသတ်ခံရမှုနဲ့ ပတ်သက်၍ မြန်မာလူငယ် (၂)ဦးကို သံသယဖြင့် ဖမ်းဆီးထားကြောင်း သိရှိရပါသည်။

၂။ ထိုင်းနိုင်ငံ၌ ဖမ်းဆီးခြင်းခံထားရသော မြန်မာလူငယ်များသည် တရားဥပဒေ၏ ရှေ့မှောက်တွင် မျှတသော လူသားအခွင့်အရေးရရှိရမည် ဖြစ်ပါသည်။ သို့ပါ၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားလွှတ်တော်အနေနှင့် ဤအမှုကိစ္စကို အလေးထား လေ့လာလျက်ရှိပါသည်။

အဆွေတော်နှင့်တကွ ထိုင်းနိုင်ငံ အမျိုးသားဥပဒေပြုညီလာခံ၏ အရေးပါသော အခန်းကဏ္ဍကို လေးစားလျက်

ဦးခင်အောင်မြင့် (ဥက္ကဋ္ဌ)
အမျိုးသားလွှတ်တော်

ဖြစ်ပါတယ်။

သာမန်အားဖြင့်တော့ ဒါ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ရဲ့ သဝဏ်လွှာကို လွှတ်တော်ကို တင်ပြပြီး မှတ်တမ်းတင်ဖို့။ သို့သော်လည်း ဒီကိစ္စနဲ့ ပတ်သက်လို့ ပြည်ထောင်စုအစိုးရအဖွဲ့အနေနဲ့လည်း လုပ်သင့်လုပ်ထိုက်တာအားလုံး မခြွင်းမချန် အပြည့်အဝ ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ လွှတ်တော်ပိုင်းအနေနဲ့လည်း ဒီလိုသဝဏ်လွှာ ပို့သင့်တယ်ဆိုတဲ့အခါမှာ အမျိုးသားလွှတ်တော်ရဲ့ ထောက်ခံချက် ရရှိဖို့အတွက်ကို ဦးခင်မောင်ရီ က အရေးကြီးအဆို တင်သွင်းမှာ ဖြစ်ပါတယ်။

ဒါကြောင့် ဦးခင်မောင်ရီ အဆိုတင်သွင်းနိုင်ပါပြီ။

**အချိန်၊ ၁၁:၄၈။**

**ဦးခင်မောင်ရီ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးအား အမှူးထား၍ လွှတ်တော်ကိုယ်စားလှယ်ကြီးများနဲ့ ကော်မရှင်အဖွဲ့ဝင်များကို ကျွန်တော် လေးစားစွာဂါရဝပြုပါတယ်။ ကျွန်တော်ဟာ အမျိုးသားလွှတ်တော်

ဧရာဝတီတိုင်း မဲဆန္ဒနယ်အမှတ်(၆)က လွှတ်တော်ကိုယ်စားလှယ်ဖြစ်ပြီးတော့ တာဝန်ပေးချက်အရ ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ ဖြစ်တဲ့အပြင် မြန်မာ-ထိုင်းလွှတ်တော်ချင်း ချစ်ကြည်ရေးအသင်းရဲ့ ဥက္ကဋ္ဌ လည်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်နေ့က ထိုင်းနိုင်ငံ၊ စူရတ်ဌာနီခရိုင်၊ Koh Tao ကျွန်းမှာ ဖြစ်ပွားခဲ့တဲ့ ဗြိတိန်နိုင်ငံသား ကမ္ဘာလှည့်ခရီးသွား(၂)ဦး သတ်ဖြတ်ခံရတဲ့ကိစ္စနဲ့ ပတ်သက်တဲ့ကိစ္စမှာ လွှတ်တော်ဥက္ကဋ္ဌကြီး အဆိုတင်သွင်းခြင်းဟာ လွှတ်တော်ရဲ့လုပ်ငန်း ဖြစ်တဲ့အတွက်ကြောင့် လွှတ်တော်တစ်ရပ်လုံးက ထောက်ခံသင့်တဲ့အနေနဲ့ ကျွန်တော် အရေးကြီးအဆို တင်သွင်းခွင့် ပန်ကြားခဲ့ပါတယ်။ ခွင့်ပြုတဲ့အတွက်ကြောင့် ကျွန်တော်တင်ပြပါ့မယ်။

၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်နေ့က ထိုင်းနိုင်ငံ၊ စူရတ်ဌာနီခရိုင်၊ Koh Tao ကျွန်းတွင် ကမ္ဘာလှည့် ဗြိတိန်နိုင်ငံသားခရီးသွား(၂)ဦးကို စိတ်မချမ်းသာဖွယ်ရာ အကြမ်းဖက် သတ်ဖြတ်မှု ဖြစ်ပွားခဲ့ပါတယ်။ ပိုပြီးဝမ်းနည်းဖွယ် ကောင်းတာကတော့ ဒီလူသတ်မှုနဲ့ပတ်သက်ပြီး ထိုင်းရဲတပ်ဖွဲ့က မြန်မာနိုင်ငံသား ပြောင်းရွှေ့လုပ်သား(၂)ဦး (ရခိုင်တိုင်းရင်းသားလေးများ ဖြစ်ကြပါတယ်) ကို တရားခံများ အဖြစ်နဲ့ ဖမ်းဆီးချုပ်နှောင်ပြီးတော့ တရားရုံးမှာ စွဲဆိုတင်ပြထားကြောင်း သိရပါတယ်။ စင်စစ်အား ဖြင့်တော့ တရားရုံးကို စွဲဆိုတင်ပြတယ်ဆိုရင် အမှုသွားအမှုလာအရ လူသတ်မှုကျူးလွန်ကြောင်းကို လူသက်သေ၊ ပစ္စည်းသက်သေ အခိုင်အမာနဲ့ အမှုဖွဲ့စည်းတည်ဆောက်ပြီးမှ တင်ပြရမှာဖြစ်ပြီး တရားရုံး ကလည်း ဥပဒေကြောင်းအရ နှစ်ဖက်မျှတစွာကြားနာပြီး ပြစ်ဒဏ်စီရင်ခြင်း မခံရမီမချင်း ဒီပုဂ္ဂိုလ်များကို တရားခံအဖြစ် သတ်မှတ်ဆက်ဆံလို့မရဘူးဆိုတဲ့ နိုင်ငံတကာ အစဉ်အလာထုံးတမ်း ရှိပါတယ်။

ဒီဖြစ်ရပ်အပေါ်မှာ ကျွန်တော်တို့ မြန်မာနိုင်ငံသားများအပေါင်းကလည်း စိတ်မချမ်းမသာ ဖြစ်ပြီးတော့ ဒီတရားမျှတမှုရလဒ်ကို မျှော်လင့်ကြီးစွာနဲ့ စောင့်စားနေတာ တွေ့ရပါတယ်။ ဒီဖြစ်စဉ်နဲ့ ပတ်သက်ပြီးတော့ နိုင်ငံသား(၂)ဦးဟာ၊ မြန်မာနိုင်ငံသား(၂)ဦးဟာ တရားမျှတမှုနဲ့ လူ့အခွင့် အရေးကို အပြည့်အဝရရှိခွင့် ရှိပါတယ်။ နိုင်ငံတော်အစိုးရအဖွဲ့ကလည်း လွှတ်တော်ဥက္ကဋ္ဌကြီး အမိန့်ရှိသလို လိုအပ်တာတွေ ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးက ယနေ့ ရက်စွဲဖြင့် ထိုင်းနိုင်ငံအစိုးရရဲ့ ဥပဒေပြုအဖွဲ့အစည်းဖြစ်တဲ့ အမျိုးသားဥပဒေပြုညီလာခံကို သဝဏ်လွှာ ပါးခဲ့တယ်။ ဒီသဝဏ်လွှာဟာ အခုမှပါးတာမဟုတ်ဘဲ လွှတ်တော်ဥက္ကဋ္ဌကြီးက မြန်မာနိုင်ငံသား ပြောင်းရွှေ့လုပ်သား များနဲ့ ပတ်သက်ပြီး စဉ်ဆက်မပြတ် အာရုံစိုက်နေတဲ့အတွက်ကြောင့် လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ ၄-၉-၂၀၁၃ ခုနှစ် ထိုင်းနိုင်ငံခရီးစဉ်မှာလည်း ထိုင်းနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌအဖွဲ့နဲ့ တွေ့ဆုံ ခဲ့ကြောင်း ကျွန်တော်တို့ မှတ်တမ်းများအရ သိရပါတယ်။ ထိုစဉ်ကပင် လွှတ်တော်ဥက္ကဋ္ဌကြီး အနေနဲ့ ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသား ပြောင်းရွှေ့လုပ်သားများရဲ့ အရေးကို အလေးထား ဆွေးနွေးခဲ့ပါတယ်။ လူ့အခွင့်အရေးဆိုတဲ့စကားနဲ့ ပတ်သက်လာရင် ဒီမသန်စွမ်းသူများ၊ အမျိုးသမီးများ၊ ကလေးငယ်များရဲ့ အခွင့်အရေးသာမကဘဲနဲ့ သူတို့နဲ့ပတ်သက်တဲ့ မှီခိုမိသားစုများရဲ့ ကိစ္စပါ အရေးကြီးတဲ့ အတွက်ကြောင့် ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသား ပြောင်းရွှေ့လုပ်သားများရဲ့ အရေးသာမက သားသမီးများ၊ မှီခိုသူ များရဲ့ ပညာရေး၊ ကျန်းမာရေးကိုပါ ထည့်သွင်းစဉ်းစား ဆောင်ရွက်ပေးဖို့လည်း ဥက္ကဋ္ဌကြီးအနေနဲ့ ဆွေးနွေးခဲ့ကြောင်း သိရှိရပါတယ်။ ထိုင်းလူ့အခွင့်အရေးကော်မရှင်ကလည်း ဒါနဲ့ပတ်သက်လို့ ကတိ ကဝတ်ပြုခဲ့ကြောင်း ကျွန်တော်တို့ ကြားသိခဲ့ရပါတယ်။ အခု အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးက သဝဏ်လွှာ ပါးခဲ့ခြင်းသည် ပြည်သူ့ဆန္ဒ၊ ပြည်သူ့ မျှော်လင့်ချက်ကို လွှတ်တော်က ဖော်ဆောင်ရွက်ခြင်း ဖြစ်တဲ့အတွက်ကြောင့် လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ သဝဏ်လွှာဖြစ်သလို အမျိုးသားလွှတ်တော်ရဲ့ ဆောင်ရွက်

ချက်လည်း ဖြစ်သင့်တဲ့အတွက်ကြောင့် ဒီအဆိုကို ပေးပို့သင့်ပါကြောင်း အမျိုးသားလွှတ်တော်ကြီးက တစ်ခဲနက် တညီတညွတ်တည်း ထောက်ခံပါကြောင်း ကျွန်တော်က အဆို တင်သွင်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၅၀။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် ပုဂ္ဂိုလ်ရှိပါက ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁း၅၀။**

**ဒေါက်တာစိုးထွန်း၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနဲ့ ကော်မရှင်အဖွဲ့ဝင်များအားလုံး မင်္ဂလာပါလို့ ကျွန်တော့်အနေနဲ့ လေးလေးစားစား ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာစိုးထွန်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ထိုင်းနိုင်ငံ စူရတ်ဌာနီခရိုင်၊ Koh Tao ကျွန်းမှာ ဖြစ်ပွားခဲ့တဲ့ ကမ္ဘာလှည့်ခရီးသည်(၂)ဦး အသတ်ခံရတဲ့ကိစ္စနဲ့ ပတ်သက်ပြီးတော့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ထိုင်းနိုင်ငံဥပဒေပြုလွှတ်တော်ကို သဝဏ်လွှာပါးခြင်းကိစ္စကို အမျိုးသားလွှတ်တော်က ထောက်ခံကြောင်း အရေးကြီးအဆိုတင်သွင်းသည့် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီ ရဲ့ အဆိုကို ကျွန်တော့်အနေနဲ့ အလေးအနက် ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၅၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအမှုကိစ္စနဲ့ ပတ်သက်လို့ ဆက်လက်လေ့လာဖို့ လိုအပ်ပါတယ်။ ဒါကြောင့် ဒီနေရာမှာ ဆွေးနွေးခြင်း မပြုသေးဘဲနဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌရဲ့ သဝဏ်လွှာနဲ့ ပတ်သက်ပြီးတော့ လွှတ်တော်ရဲ့ အဆုံးအဖြတ်ကို မဲခွဲပြီး ဆုံးဖြတ်မှာ ဖြစ်ပါတယ်။ မဲခွဲပြီး ဆုံးဖြတ်တဲ့အခါမှာ စက်ခလုတ်အသုံးပြုပြီး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

ဆန္ဒမဲပေးနိုင်ကြပါပြီ။

အဆိုအပေါ်မှာ ထောက်ခံ(၁၅၈)၊ ကန့်ကွက်၊ ကြားနေမရှိ ဖြစ်ပါတယ်။

ဒါကြောင့် ဦးခင်မောင်ရီ ရဲ့ အရေးကြီးအဆိုကို အတည်ပြုကြောင်းနဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌရဲ့ သဝဏ်လွှာကို ဆက်လက်ပေးပို့သွားမည်ဖြစ်ကြောင်း ဆုံးဖြတ်ပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၁၅)ရက်မြောက်နေ့ အစည်းအဝေးရပ်နားကြောင်းနှင့် (၁၆)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၅၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန် အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက် (အင်္ဂါနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို ၁၁း၅၅ နာရီအချိန်တွင် ရပ်နားပါသည်။]